TMH
TELECOM



# Annual Report 2024

# ABOUT THIS REPORT

ဤနှစ်ပတ်လည်အစီရင်ခံစာသည် ၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်နေ့ တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် TMH ကုမ္ပဏီ၏ လုပ်ဆောင်ချက်များ အားလုံးကို ထည့်သွင်း ဖော်ပြထားခြင်းဖြစ်သည်။

အစီရင်ခံစာ၏ရည်ရွယ်ချက်မှာ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် အကျိုးသက်ဆိုင်သူများအားလုံးက မျှော်လင့်သော အချက်အလက်များကို ရရှိစေရန် ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီ၏ နှစ်ပတ်လည် အစီရင်ခံစာသည် မြန်မာနိုင်ငံကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) နှင့် ရန်ကုန်စတော့အိပ်ချိန်း (Yangon Stock Exchange) တို့မှ ထုတ်ပြန်သော စည်းမျဉ်းများ၊ ထုတ်ပြန်ကြေညာချက်များနှင့် အညီ လိုက်နာဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ဘဏ္ဍာရေးနှင့် သက်ဆိုင်သော အချက်အလက်များနှင့် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက်များကို ပူးပေါင်းတင်ပြထားပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ICOP Sein Win and Associates Ltd မှ မြန်မာနိုင်ငံစာရင်းကိုင်စံနှုန်းများနှင့်အညီ စာရင်းစစ်ထားပါသည်။ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက်များကို ကျွန်ုပ်တို့ ကုမ္ပဏီမှ စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။

This annual report covers TMH’s activities for the financial year FY23/24, which ended on 31 March 2024.

This report aims to provide the information expected by our shareholders and stakeholders. It is also a means for TMH to comply with the rules and notifications issued by DICA, the Securities Exchange Commission of Myanmar, and the Yangon Stock Exchange.

This report combines financial and non-financial data. Our financial data were audited by ICOP Sein Win & Associates Ltd according to the MFRS standards. Non-financial data were collected and prepared by TMH.

# Table of Contents

**About this report** **2**

**Strategic Report** **5**
TMH's profile & business model 6
Year review 8
Chairman & Managing Director Statement 10

**Corporate Governance** **16**
Statement from our Independent Directors 17
Board's Report 18
Corporate governance structure 20
Risk management 30
Business ethics 35

**Performance Review** **38**
People 39
Society 45
Operations 49
Non-financial reporting 62

**Financial Report** **68**



# STRATEGIC REPORT

**PAGE 5 - 15**

# TMH's profile & business model

T E L E C O M

## TMH ၏ရည်ရွယ်ချက်
## Our purpose

### မျှော်မှန်းချက်
### Vision

အကောင်းမွန်ဆုံးသော ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများပေးရန်နှင့် ပြည်သူလူထု၏ နေ့စဉ်ဘဝများအတွက် အဆင်ပြေချောမွေ့သော လူနေထိုင်မှုဘဝကိုရရှိစေရန် မျှော်မှန်းသည်။

To provide the best telecommunication service and bring convenience to the lives of Myanmar's people.

### ရည်မှန်းချက်
### Mission

- အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများ ပေးခြင်းဖြင့် ဝယ်ယူသူများနှင့် အောင်မြင်သော ဆက်ဆံရေး ဖြစ်ထွန်းစေရန်
- စီးပွားဖက်များနှင့် ရေရှည်လက်တွဲနိုင်ရေးအတွက် ယုံကြည်မှုနှင့်သစ္စာရှိမှုကို တည်ဆောက်နိုင်ရန်
- To provide a high-quality service while establishing successful relationship with our customers.
- To build trust and loyalty with our partners.

## TMH ၏လူသားအရင်းအမြစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ
## Our human & social capital

- အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းစုစုပေါင်း ၂၅၀ ဖြင့် လုပ်ငန်းလည်ပတ်နေသည်။
- 250 competent and qualified staff.

- နိုင်ငံတစ်ဝှမ်း ဖုန်းငွေဖြည့်ကဒ်ရောင်းချနေသည့် ဖြန့်ချိသူ ၃၀၀၀ ကျော် ရှိသည်။
- 3,000+ distributors reselling our top-up cards across the country.

- TMH အတွက် လိုအပ်သည့် နည်းပညာကျွမ်းကျင်မှုများကို ပံ့ပိုးပေး နေသည့် ပါတနာ ၁၀ ဦး ကျော်နှင့် လက်တွဲလုပ်ဆောင်လျက် ရှိသည်။
- 10+ business partners that help us source the best technology.

- အစုရှယ်ယာရှင် ၁၁၃၀ကျော်သည် ကုမ္ပဏီ၏ ရည်မှန်းချက် ကို အပြည့်အဝယုံကြည်မှုရှိသည်။
- 1,130 shareholders trust our Company's mission

## TMH ၏နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ
## Our technological capital

- ကရင်၊ မွန်နှင့် တနင်္သာရီတိုင်းတို့တွင် တာဝါတိုင်ပေါင်း ၉၀၀ ကျော် တည်ရှိသည်။
- 900+ towers located in Kayin, Mon and Tanintharyi.

- ၄၀၅၀ ကီလိုမီတာ ရှိသည့်လိုင်းအကျယ်ပမာဏ (Bandwitch) တစ်စက္ကန့်လျှင် ၇၃ ဂီဂါဘိုက် ရှိသည့် ဖိုက်ဘာစနစ်ကို တပ်ဆင် ထိန်းသိမ်းထားသည်။
- 4,050 kms of optical fibre installed and maintained for our affiliate with a bandwidth of 73 gbps.

- နှစ်စဉ် ငွေဖြည့်ကဒ်ပေါင်း သန်းချီ ထုတ်လုပ်နိုင်သည့် စက်ရုံ ၁ ရုံ တည်ရှိသည်။
- One factory that can produce millions of top-up cards yearly.

- မြန်မာနိုင်ငံအတွက် အရေးပါသည့် အခြေခံအဆောက်အအုံများ တိုးချဲ့နိုင်ရန် အတွက် အမျိုးမျိုးသော စီမံကိန်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။
- Multiple projects designed to enhance Myanmar's critical infrastructures.

TMH အနေဖြင့် မြန်မာပြည်တွင်နေထိုင်သူများအား ကမ္ဘာနှင့် အဆက်အသွယ် ပြုလုပ် ပေးနိုင်ရေးကြိုးပမ်းလျက်ရှိသည်။ TMH အနေဖြင့် ပိုမိုကောင်းမွန်သော ဆက်သွယ်ရေးဆိုင်ရာအဆောက်အအုံများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးအတွက် နည်းပညာ ဆိုင်ရာ ကျွမ်းကျင်မှုနှင့် အဖြေများ ပေးနိုင်ရန်ကြိုးပမ်းလျက်ရှိသည်။

ရလဒ်အနေဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းများအားဆက်လက် လည်ပတ်အောင် လုပ်ဆောင်နိုင်သကဲ့သို့ မြန်မာပြည်တွင်းတွင် နေထိုင်သူများ အနေဖြင့်လည်း ၎င်းတို့၏နေ့စဉ်ဘဝတွင် အွန်လိုင်းဒီဂျစ်တယ်အကြောင်းအရာများအား အပြည့်အဝအသုံးပြုလျက်ရှိသည်။

We connect Myanmar to the world. TMH offers the technological solutions and expertise to build, maintain and operate better communications infrastructures.

As a result, Myanmar businesses can continue their operations, while Myanmar people can enjoy digital contents and live their lives fully.

## TMH ၏ အကျိုးသက်ရောက်မှုများ
## Our impact



- လူ ပေါင်း ၅၀၁၀၀၀ ကျော်တို့သည် မိုဘိုင်းကွန်ရက်ကို အသုံးပြုလျက် ရှိပြီး မြန်နှုန်းမြင့် အင်တာနက်ကွန်ယက် (high speed) အသုံးပြုသူ ၁၄၂၃၀၀ ကျော်ရှိသည်။
- 501,000+ people connected to mobile network & 142,300+ people connected to high-speed mobile network.



- မြန်နှုန်းမြင့်အင်တာနက် အသုံးပြုသူပေါင်း ၅၀၀၀၀ ကျော်အနက်မှ ၄၂၀၀၀ ကျော်သည် အိမ်ထောင်စုများဖြစ်ပြီး ၈၀၀၀ ကျော်သည် စီးပွားရေးလုပ်ငန်းများ ဖြစ်သည်။
- 50,000+ Broadband clients connected: 42,000+ households and 8,000+ businesses



- သန်းပေါင်းများစွာသော လုပ်ဆောင်ချက်များနှင့် ဆက်သွယ်မှုဆိုင်ရာကိစ္စရပ်များအတွက် ပံ့ပိုးပေးလျက်ရှိသည်။
- Millions of transactions and communications enabled

## တန်ဖိုးများ ဖန်တီးခြင်း
## Creating and sharing value



၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်အတွက် TMH ၏ စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေစုစုပေါင်း ကျပ်သန်းပေါင်း ၇၂၅၁ ရရှိခဲ့သည်။

For FY 23/24, our business generated MMK 7,251 million of revenue



လစာ ကျပ်သန်း ၆၀၁
Remuneration MMK 601 million



ကုန်ပစ္စည်းဝယ်ယူမှု ကျပ်သန်း ၅၁၃၇
Procurement MMK 5,137 million



အခွန် ကျပ်သန်း ၂၁.၉
Tax MMK 21.9 million



အမြတ်ငွေ ကျပ်သန်း ၁၈၃
Profits MMK 183 million

ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း နှင့် အရန်ငွေထားရှိစေခြင်း
Investments & reserves

# Year Review

# 1.

လုပ်ငန်းလည်ပတ်ရန်ခက်ခဲသောကာလဖြစ်သော်လည်း ကျွန်ုပ်တို့၏တင်းကျပ်သောစီမံခန့်ခွဲမှုနည်းလမ်းသည် ယခုနှစ်တွင် ကျွန်ုပ်တို့၏ဝင်ငွေကို တိုးပွားစေပြီး အကျိုးအမြတ်ဆက်လက်ရရှိစေခဲ့သည်။

**Our strict management approach has enabled us to grow our revenue and to remain profitable this year again despite a very challenging operating environment.**

TMH အနေဖြင့်၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝင်ငွေကျပ်သန်းပေါင်း ၇,၂၅၁ သန်း ရရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရရှိခဲ့သော ၄,၂၉၈ သန်း နှင့် နှိုင်းယှဉ်ပါက ၆၉ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

Compared to the MMK 4,298 million generated by TMH in FY22/23, our business generated MMK 7,251 million in FY23/24, a significant 69% increase.

ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်မှုများ၏ အကျိုးအမြတ်သည် ယခုဘဏ္ဍာနှစ်တွင်လည်း အပြုသဘောဆောင်လျက်ရှိသည်။ အမြတ်ငွေ မြန်မာကျပ် ၁၈၃ သန်း ရရှိခဲ့ပြီး၊ ယခုဘဏ္ဍာနှစ်အတွင်း ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

The profitability of our operations was positive again last year. We recorded a profit of MMK 183 million, an 8% increase on a yearly basis.

ဈေးကွက်အမျိုးမျိုးတွင် ဖြန့်ကျက်ထားသော ကျွန်ုပ်တို့၏ မဟာဗျူဟာသည် အောင်မြင်မှုရရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းတိုးတက်မှုဆိုင်ရာ တာဝန်ခံအဖွဲ့သည် ယခုနှစ်အတွင်း မြန်မာကျပ်ငွေ သန်းပေါင်း ၄,၅၁၁ ရရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သော ပမာဏထက် ပိုမိုများပြားခဲ့သည်။

Our strategic choice to diversify our portfolio proved successful: our team in charge of business development generated MMK 4,511 million last year, more than the overall income generated in FY22/23.

**Evolution of our revenue and profit (Million)**




**Evolution of our revenue mix**




## COMMENTS

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများကို သိသာစွာတိုးချဲ့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များမှ အကျိုးအမြတ်များပြန်လည် ရရှိလာခဲ့သည်။

Our activities have become profitable again since FY22/23, and we have managed to expand our business significantly since FY21/22.

ဈေးကွက်အခွင့်အလမ်းသစ်ရှာဖွေရေး အဖွဲ့သစ်တစ်ဖွဲ့ကို နေပြည်တော်တွင် ဖွဲ့စည်းခဲ့ခြင်းသည် ကျွန်ုပ်တို့အတွက် အခွင့်အလမ်းများရရှိစေခဲ့ပြီး လုပ်ငန်းတိုးတက်မှုကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

Our move to staff a team in Nay Pyi Taw to explore new market opportunities proved to be relevant: these opportunities will sustain our business growth.

# 2.

**လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်စေရေးအတွက် ကျွန်ုပ်တို့သည် ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို အမြဲတမ်းဦးစားပေးလျက် ကျွန်ုပ်တို့၏လုပ်ငန်းဆောင်တာများကို ချောမွေ့စေပြီး အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်နေပါသည်။**

**To secure our ability to operate, we are streamlining and optimising our operations, while always prioritising the safety of our people.**

ကျွန်ုပ်တို့သည် လိုအပ်သည့် ပစ္စည်းကိရိယာများကို အချိန်မီ ဝယ်ယူရရှိနိုင်ရန် အနီးကပ် စောင့်ကြည့်စီမံလျက်ရှိပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ နစ်နာမှု အန္တရာယ်ကို အထူး သတိထား ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

We are very closely monitoring our ability to procure the equipment we need on time, and are managing our exposure to exchange rate risk very carefully.

ကျွန်ုပ်တို့၏ ပြတ်သားသော မူဝါဒမှာ ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးသည် အရေးကြီးဆုံးဖြစ်ပြီး လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းမှုမရှိပါက ပဋိပက္ခဖြစ်ပွားရာဒေသများတွင် လုပ်ဆောင်စေမည်မဟုတ်ပါ။

Our policy is clear: we will never risk the safety and security of our people when they must operate in conflict-affected areas.

ကျွန်ုပ်တို့၏ ဝန်ထမ်းတစ်ဦးသည် ယမန်နှစ်က ပြင်းထန်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါဝန်ထမ်းအား TMH မှ လိုအပ်သော ထောက်ပံ့မှု အလုံးစုံကို ပံ့ပိုးပေးခဲ့ပြီး၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပိုမိုခိုင်မာလာစေရန် ထပ်မံမွမ်းမံခဲ့သည်။ အသေးစိတ်အချက်အလက်များကို စာမျက်နှာ ၄၁ တွင် ကြည့်ရှုနိုင်ပါသည်။

One of our employees had a serious accident last year. TMH provided him with all the necessary support and reinforced its safety protocols. More details are available on page 41.

ကျွန်ုပ်တို့သည် လိမ်လည်မှုတစ်ခုကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့နှင့် ချိတ်ဆက်ပြီးနောက်၊ ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။ ထို့အပြင် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း စံနှုန်းများကိုလည်း ပိုမိုတိုးတက်ခိုင်မာလာစေရန် ဆောင်ရွက်လျက်ရှိသည်။ အသေးစိတ်အချက်အလက်များကို စာမျက်နှာ ၃၆ တွင် ကြည့်ရှုနိုင်ပါသည်။

We identified a case of fraud, and after engaging with our Board, we are resolving this issue. We will enhance and reinforce our standard operating procedures. More details are available on page 36.

ကျွန်ုပ်တို့၏ဖောက်သည်များ မျှော်လင့်ထားသည့် တန်ဖိုးမြှင့်ဝန်ဆောင်မှုများ ပေးဆောင်နိုင်စေရေးအတွက် လိုအပ်သောအသိပညာနှင့် ကျွမ်းကျင်မှုများရှိစေရန် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းများ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

We resumed our efforts to train our staff to ensure that they have the necessary knowledge and expertise to deliver the added value expected by our clients.

စိန်ခေါ်မှုများစွာရှိခဲ့သော်လည်းကျွန်ုပ်တို့သည် ကော်ပိုရိတ်ဆိုင်ရာ စံတန်ဖိုးများနှင့် ရည်ရွယ်ချက်များကို ပေါင်းစပ်ထားသော အဖွဲ့အစည်းတစ်ခုအဖြစ် ရှေ့တိုး ဆောင်ရွက်ခဲ့သည်။

Despite all the challenges, we move forward and act as one team, united by our corporate values and ambition.

# Chairman & Managing Director Statement

လေးစားရပါသော စာဖတ်သူများခင်ဗျာ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် TMH၏ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ အကဲဖြတ်လေ့လာချက်များ ပါဝင်သည့် ဤအစီရင်ခံစာကိုမျှဝေရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။ အသေးစိတ် အချက်အလက်များကို မလေ့လာမီ၊ ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်ချက်များကို သက်ရောက်မှုရှိစေနိုင်သော လက်ရှိကာလအခြေအနေများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးကြောင်း ကျွန်ုပ်တို့အနေဖြင့် ထင်မြင်မိပါသည်။

ကမ္ဘာ့ဘဏ်သည် မကြာသေးမီကာလ၂၀၂၄ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် ပတ်သက်သည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။[1] မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး(GDP)သည် ကပ်ရောဂါမဖြစ်ပွားမီ အခြေအနေအောက် ၁၀ ရာခိုင်နှုန်း သာ ရှိသည်ဟု ခန့်မှန်းထားပြီး၊ ယင်းသည် ASEAN တွင် ထူးခြားသော အခြေအနေတစ်ရပ်ဖြစ်သည်။ ထို့အပြင် ငွေကြေးဖောင်းပွမှုနှင့် မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာ ကျဆင်းလာမှုတို့ကြောင့် နိုင်ငံ့စီးပွားရေး အခြေအနေအား များစွာထိခိုက်မှုရှိကြောင်း အစီရင်ခံစာက ဖော်ပြထားသည် - ၂၀၂၃ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် မေလအတွင်း အမေရိကန်ဒေါ်လာနှင့် ယှဉ်ပါက မြန်မာကျပ်ငွေသည် ၎င်းတန်ဖိုး၏ ၂၈ ရာခိုင်နှုန်း ဆုံးရှုံးသွားသည်ကို တွေ့ရှိခဲ့သည်။

စတော့ရှယ်ယာဈေးကွက်တွင်လည်း အားရဖွယ်မရှိသည့် အခြေအနေသို့ ရောက်ရှိနေသည်ကိုတွေ့ရပါသည်။ ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ Myanpix အညွှန်းကိန်းသည် ၁ ရာခိုင်နှုန်း ကျဆင်းသွားပါသည်။ စာရင်းဝင်ကုမ္ပဏီများ၏ စွမ်းဆောင်ရည်မှာ သိသိသာသာ ကွာဟမှုရှိခဲ့ပြီး အချို့မှာ ၃၅ ရာခိုင်နှုန်း ကျဆင်းသွားကာ အချို့ကမူ ၈ ရာခိုင်နှုန်း တိုးလာကြသည်။ အဆိုပါကာလအတွင်း ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ပြောင်းလဲမှုမရှိကြောင်းတွေ့ရှိခဲ့သည်။ သို့ရာတွင် လွန်ခဲ့သောသုံးနှစ်က ကျွန်ုပ်တို့စတင်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးကျေးဇူးများကို ယခု စတင်ခံစားနေရပြီ ဖြစ်သောကြောင့် ထိုညွှန်းကိန်းတစ်ခုတည်းထဲက ကျွန်ုပ်တို့၏ လုပ်ဆောင်ခဲ့သမျှကို အပြည့်အဝ ထင်ဟပ်ခြင်းမရှိပါ။ ထိုသို့ အကျိုးကျေးဇူးများ ခံစားရခြင်းနှင့်အတူပင် စီမံခန့်ခွဲမှုဆိုင်ရာ

Dear readers,

We are delighted to share this report and our analysis regarding TMH's performance in FY23/24. Before going into the details, we think it is important to remember the context in which we operate, because it certainly impacts our business.

The World Bank recently published a report about the economic situation in Myanmar in June 2024.[1] They estimate that Myanmar's GDP remains 10% below pre-pandemic levels, something unique in the ASEAN. Furthermore, it says that the economy is very much impacted by inflation and a significant depreciation of the Myanmar kyat: the report says it lost 28% against the dollar between June 2023 and May 2024.

If we look at the stock market's performance, it is also anaemic. Between April 2023 and March 2024, the Myanpix index lost 1%, with the performance of listed companies ranging from a 35% contraction to an 8% increase. What about us? During the same period, the value of our shares remained the same. However, this single indicator does not fully reflect what we have accomplished, as we now perceive the first benefits of the transformation we initiated three years ago. This, combined with a very cautious and disciplined approach in terms of management, has proved to be essential for TMH. Fortunately, **despite all the challenges, TMH managed to generate MMK 183 million in profit. This demonstrates the quality of our management and our ability to safeguard shareholder value.**

Our ability to remain profitable is one of many achievements. The significant growth of our income reflects the relevance of our strategic decision to task

1. See: World Bank; Myanmar Economic Monitor, Livelihoods under threat; June 2024.

## TMH တွင် ကျွန်ုပ်တို့၏လုပ်ဆောင်မှုသည် သန်းနှင့်ချီသော လူများ၏ နေ့စဉ်ဘဝများကို သက်ရောက်မှုရှိနေသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် တာဝန်သိသိ ဂုဏ်ယူစွာ လုပ်ဆောင်လျက် ရှိပါသည်။



**“At TMH, our work impacts, therefore, the daily lives of millions of people. This obliges us, and this is something that we are all proud to enact.”**

ဦးမြင့်လွင်
Chairman of the Board

ဦးသီဟလွင်
Managing Director

ကိစ္စရပ်များကို သတိရှိရှိနှင့် ထိန်းသိမ်း ကြပ်မတ်ခြင်းသည် TMH အတွက် မရှိမဖြစ်လိုအပ်ကြောင်း ပြသနေသည်။ **စိန်ခေါ်မှုများ ရှိနေသော်လည်း ကံအားလျော်စွာ၊ TMH သည် အကျိုးအမြတ်အဖြစ် မြန်မာကျပ်ငွေ ၁၈၃ သန်း ရရှိအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ယင်းဖော်ပြချက်သည် ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှုအရည်အချင်းနှင့် အစုရှယ်ယာရှင်များ၏တန်ဖိုးကို ကာကွယ်ပေးနိုင်ခဲ့သည့် ကျွန်ုပ်တို့၏စွမ်းဆောင်ရည်ကို ပြသနေပါသည်။**

ကျွန်ုပ်တို့၏ အကျိုးအမြတ်ရရှိရန် ဆက်လက်ထိန်းထားနိုင်မှုသည် ကျွန်ုပ်တို့၏ အောင်မြင်မှုများစွာထဲမှ တစ်ခုဖြစ်ပါသည်။ ထိုသို့ ဝင်ငွေ သိသာထင်ရှားစွာ တိုးတက်လာခြင်းသည် ကျွန်ုပ်တို့၏ မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်များနှင့် ဆက်နွယ်နေသည့် ဈေးကွက်တိုးချဲ့ရှာဖွေရေးအဖွဲ့သစ် ဖွဲ့စည်းဆောင်ရွက်ခြင်း၏ ရလဒ်ပင် ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် TMH ၏ စုစုပေါင်းဝင်ငွေမှာ မြန်မာကျပ်ငွေ ၄,၂၉၈ သန်းဖြစ်ပြီး ဤဈေးကွက်သစ်ရှာဖွေရေး အဖွဲ့သည် ဝင်ငွေ ၄,၅၁၁ သန်း ကို ရရှိရန် စွမ်းဆောင်ပေးခဲ့သည်။ **ရလဒ်အနေဖြင့်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျွန်ုပ်တို့၏ စုစုပေါင်းဝင်ငွေသည် မြန်မာကျပ်ငွေ ၇,၂၅၁ သန်းအထိ ရောက်ရှိခဲ့ပြီး တစ်နှစ်အတွင်း ဝင်ငွေ ၆၉ ရာခိုင်နှုန်း တိုးလာခဲ့သည်။** (အောက်ပါ ဇယား ၁ တွင် ကြည့်ပါ။)

ထို့အပြင် ကျွန်ုပ်တို့၏ လုပ်ငန်းများမှ ငွေသားစီးဆင်းမှုမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ မြန်မာကျပ်ငွေ (-၁၇၁၄ သန်း) နှင့် နှိုင်းယှဉ်ပါက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြန်လည် ကောင်းမွန်လာခဲ့ပြီး ကျပ်သန်းပေါင်း ၁,၁၂၀ သို့ ရောက်ရှိ ခဲ့သည်။ ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် လုံလောက်သော ငွေကြေးပမာဏ ရှိပါသည်။ ထိုသို့ ကုမ္ပဏီ ၏ အခြေခံ အုတ်မြစ်များ ခိုင်မာကောင်းမွန်လျက် ရှိခြင်းကြောင့် ကျွန်ုပ်တို့အား ယုံကြည်စိတ်ချမှုရှိစေပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် နှိမ့်ချ၍ သတိရှိရှိဖြင့် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့သည် ပဋိပက္ခဖြစ်ပွားရာဒေသများတွင်လည်း လုပ်ငန်းများလုပ်ဆောင်နေရပါသည်။ ဝန်ထမ်းများအတွက် ကျရောက်လာနိုင်သောအန္တရာယ်များကို အလွန်သတိထားစောင့်ကြည့်ပြီး၊ ၎င်းတို့၏ ဘေးကင်းရေးနှင့် လုံခြုံရေးကို အမြဲဦးစားပေးသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ နောက်ပိုင်းတွင် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများကို ယာယီရပ်ဆိုင်းခဲ့ပါသည်။ သို့သော် ကျွန်ုပ်တို့၏ လုပ်ငန်းသည် လူပေါင်း သန်းနှင့်ချီ၍ ဆက်သွယ်နိုင်ရန် လုပ်ဆောင်ပေးနေရသည်ကိုလည်း နားလည်သဘောပေါက်ပါသည်။

a specific team to explore new market opportunities. This year, this team managed to secure MMK 4,511 million of income, when TMH's overall income in FY22/23 was MMK 4,298 million. **As a result, our total revenue reached MMK 7,251 million in FY23/24, a 69% increase on a yearly basis** (see chart 1 below).

Furthermore, the cash flow from our activities became positive again in FY23/24, reaching MMK 1,120 million, compared to MMK -1,714 million in FY22/23. Our Company has the financial means to finance its growth and invest in its future. This should give us some confidence that TMH's foundations are solid and healthy. But we also need to remain humble and prudent.

**Chart 1 - Evolution of TMH's income (Billion MMK) and profit margin (%)**




**Chart 2 - Evolution of our clients base (Fiber)**



ဥပမာအားဖြင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တာဝါတိုင်ပေါင်း ၁၉၄၈ ခုရှိပြီး၊ ယင်းဒေသများတွင် တာဝါတိုင်များ၏ ၄၆ ရာခိုင်နှုန်းကို ကျွန်ုပ်တို့က ထိန်းသိမ်းပေးလျက်ရှိပါသည်။ **ထို့ကြောင့် TMH တွင် ကျွန်ုပ်တို့၏လုပ်ဆောင်မှုသည် သန်းနှင့်ချီသောလူများ၏ နေ့စဉ်ဘဝများကို အကျိုးသက်ရောက်မှုရှိနေသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် တာဝန်သိစိတ်ဖြင့် ဂုဏ်ယူစွာ လုပ်ဆောင်လျက်ရှိပါသည်။**

နိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားနေသော ပဋိပက္ခများသည် ကျွန်ုပ်တို့၏ ဖောက်သည်များအပေါ်တွင်လည်း အကျိုးသက်ရောက် မှုရှိပါသည်။ ဇယား ၂ တွင်ပြသထားသည့်အတိုင်း၊ ကျွန်ုပ်တို့သည် မနှစ်က ပထမဆုံးအကြိမ်အဖြစ် ဖိုက်ဘာလုပ်ငန်းတွင် လုပ်ငန်းဖောက်သည်အချို့ကို ဆုံးရှုံးခဲ့ရသည်။

ကံမကောင်းစွာဖြင့်၊ ယမန်နှစ်က ကျွန်ုပ်တို့၏ ဝန်ထမ်းတစ်ဦးသည် တာဝါတိုင်မှပြုတ်ကျပြီး ကျောရိုးထိခိုက်ခဲ့သည့် ပြင်းထန်သောမတော်တဆမှုတစ်ခုကို ကြုံတွေ့ခဲ့ရသည်။ TMH သည် အဆိုပါ ဝန်ထမ်းနှင့်အတူ ၎င်းနှင့်အတူ ရပ်တည်ခဲ့ပြီး နေထိုင်စားသောက်မှုစရိတ်နှင့် ဆေးကုသမှု ကုန်ကျစရိတ်အားလုံးကို လပေါင်းများစွာ ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် အလုပ်တွင် မည်သူမျှ ထိခိုက်မှု မဖြစ်ပွားစေရေးအတွက် HSE မန်နေဂျာသစ်တစ်ဦးကို ခန့်အပ်ခဲ့ပြီး ကျွန်ုပ်တို့၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပိုမိုခိုင်မာစေရန် ထပ်မံမွမ်းမံခဲ့ပါသည်။ အသေးစိတ် အချက်အလက်များကို စာမျက်နှာ ၄၁ တွင် ကြည့်ရှုနိုင်ပါသည်။

အလားတူပင်၊ ကျွန်ုပ်တို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုများကြောင့် ကျွန်ုပ်တို့၏ စာရင်းစစ်အဖွဲ့ နှင့် ဘဏ္ဍာရေးအဖွဲ့များသည် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ဝန်ထမ်းအချို့၏ ငွေကြေးအမြောက်အမြား အလွဲသုံးစားလုပ်မှုကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ တစ်ဖန် ကျွန်ုပ်တို့သည် ပြဿနာ၏ အရင်းအမြစ်ကိုဆန်းစစ်ပြီး ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှု မူဝါဒများကို ပိုမိုခိုင်မာလာစေရန် ပြင်ဆင်မွမ်းမံခဲ့ပါသည်။ အသေးစိတ် အချက်အလက်များကို စာမျက်နှာ ၃၆ တွင် ကြည့်ရှုနိုင်ပါသည်။

TMH သည် ကုမ္ပဏီ၏ အကျိုးအတွက် နေ့စဉ်နှင့်အမျှ ပံ့ပိုးကူညီနေကြသော ကျွန်ုပ်တို့၏ဝန်ထမ်းများကို အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်း ၂၅၀ ဦး၏ ပံ့ပိုးမှုမရှိပါက ကျွန်ုပ်တို့အနေဖြင့် လုပ်ငန်းလည်ပတ်နိုင်မည်မဟုတ်ပါ။ ၎င်းတို့၏ စေတနာနှင့် ကျွမ်းကျင်ပိုင်နိုင်မှုသည် ကုမ္ပဏီအား ခွန်အားဖြစ်စေပါသည်။ ဝန်ထမ်းများအား ဆုချရန်အတွက် ကျွန်ုပ်တို့သည် ရှင်းလင်းသော ရည်မှန်းချက်များကို ချမှတ်ထားပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ

We operate in areas severely impacted by multiple conflicts. We are very mindful of the risks to our people, and we always prioritise the safety and security of our employees. For instance, we temporarily suspended our operations in northern Shan State after October 2023. But we also know that our work enables hundreds of thousands of people to communicate. For instance, according to the data published by the Posts and Telecommunications Department, there are 1,948 towers in Kayin, Mon and Tanintharyi, which means that we maintain 46% of the towers in these regions. **At TMH, our work impacts, therefore, the daily lives of millions of people. This creates an obligation upon us, and this is something that we are all proud to live up to.**

The ongoing conflicts across the country have also impacted our clientele. As shown in chart 2, we lost some business customers for our fibre activities for the very first time last year.

Unfortunately, last year we also recorded a severe accident that impacted one of our staff permanently, as he fell from a tower and broke his spine. TMH stood by his side, supported all the medical expenses for many months, and decided to provide him with an allowance. We hired a new HSE manager and expect to reinforce our security and safety protocols, as no one should come to harm at work. More details are provided on page 41.

Likewise, thanks to the control environment that we have implemented, our internal audit and finances teams detected a case of fraud in the Northern Shan State, where some of our staff embezzled a significant amount of money. Again, we analysed the root cause and adjusted our standard operating procedures to strengthen our management approach. You can read more about this unfortunate incident on page 36.

We acknowledge the contribution of the people who are building TMH every day. We would not be able to operate without the commitment of our 250 employees. Their dedication and professionalism power

သည်နှင့်အမျှ ဝန်ထမ်းများသည်လည်း ၎င်းတို့ ကြိုးပမ်းအားထုတ်မှုများ၏ အသီးအပွင့်များကို ရယူခံစားနိုင်မည် ဖြစ်ပါသည်။ TMH သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် HR အသုံးစရိတ်အတွက် စုစုပေါင်း မြန်မာကျပ်ငွေ ၆၀၁ သန်းကို အသုံးပြုခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း တိုးလာကြောင်း ဝမ်းမြောက်စွာ အစီရင်ခံလိုပါသည်။

ထို့အပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အထူးသဖြင့် လွပ်လပ်သော အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ (၃) ဦး တို့၏ အချိန်ပေး၍ ပံ့ပိုးကူညီမှုများနှင့် ၎င်းတို့၏ကျွမ်းကျင်မှုများ အတွက်လည်း ကျေးဇူးတင်ရှိပါသည်။ ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်မှုသည် ကျွန်ုပ်တို့၏ ကုမ္ပဏီအား ပိုမိုခိုင်မာလာစေရန် ကူညီပေးပါသည်။ စာမျက်နှာ ၁၇ တွင် ဒါရိုက်တာများ၏ ထုတ်ပြန်ချက်ကို ဖတ်ရှုရန် တိုက်တွန်းပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်နှင့် သတင်းအချက်အလက် ထုတ်ဖော်တင်ပြမှုဆိုင်ရာ အရည် အသွေးများကို ပိုမိုကောင်းမွန်လာစေရန် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏ ဘုတ်အဖွဲ့မူဝါဒနှင့် ကျင့်ဝတ်စည်းမျဉ်းများကို ကျွန်ုပ်တို့၏ ဝဘ်ဆိုက်တွင် ထုတ်ဝေဖော်ပြရန် ဆုံးဖြတ်ခဲ့သည်ကို ဝမ်းမြောက်စွာ မျှဝေလိုပါသည်။ ယင်းဆုံးဖြတ်ချက်သည် ကျွန်ုပ်တို့၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော လုပ်ငန်းဆောင်ရွက်မှု ကတိကဝတ်ကို ထင်ဟပ်စေပါသည်။

ကျွန်ုပ်တို့၏ ဖောက်သည်များနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းပြတ်သားသော ရည်ရွယ်ချက်နှင့်အညီ ဆောင်ရွက်သည့် ကုမ္ပဏီများကို ရွေးချယ်ကြသည်ကို ကျွန်ုပ်တို့အနေဖြင့် နားလည်သဘောပေါက်ပါသည်။ ဤအစီရင်ခံစာသည် ကျွန်ုပ်တို့၏ ဘဏ္ဍာရေးဆိုင်ရာ အချက်များနှင့် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော စွမ်းဆောင်မှုဆိုင်ရာ တိကျသော အချက်အလက်များကို ပေးဆောင်ရန် ရည်ရွယ်ပါသည်။ ပိုမိုခိုင်မာသော ကုမ္ပဏီတစ်ခု တည်ဆောက်ရန်အတွက် ကျွန်ုပ်တို့သည်သင်၏ ယုံကြည်မှုအပေါ် အားပြုနေရသည့် အားလျော်စွာ ကျွန်ုပ်တို့၏ အစီရင်ခံစာနှင့်ပတ်သက်ပြီး သင်၏ မှတ်ချက်များ သို့မဟုတ် မေးခွန်းများကို ကြိုဆိုပါသည်။ ကျွန်ုပ်တို့၏ လိုက်နာမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ ကြိုးပမ်းမှုများကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီ၏ အတွင်းရေးမှူးထံသို့ info@tmhtelecom.com မှတဆင့် အီးမေးလ်ပေးပို့၍ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေးစားစွာဖြင့်

**ဦးမြင့်လွင်**

ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ

Chairman of the Board

> “ကျွန်ုပ်တို့၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ထမ်းများသည်လည်း ၎င်းတို့ ကြိုးပမ်းအားထုတ်မှုများ၏ အသီးအပွင့်များကို ရယူခံစားနိုင်မည် ဖြစ်ပါသည်။”

our Company. To reward them, we have set clear goals, because if we can develop our activities, our people should also harvest the fruits of their hard work. We are pleased to report that TMH spent a total of MMK 601 million on its HR costs in FY23/24, a 10% increase compared to FY22/23.

Finally, we are also grateful for the time and expertise of our Board, especially for the support provided by our three independent non-executive directors. Their guidance helps us build a more robust TMH, and we encourage you to read their statement on page 17. We will continue to enhance the quality of our corporate governance framework and disclosure. We are happy to share that we have decided to publish our Board Policy and Code of Conduct on our website; this reflects our commitment to transparency and responsible business conduct.

More than ever, we know that our customers and team members opt for companies that are driven by a clear sense of purpose. This report aims to provide accurate data on our financial and non-financial performance. To build a stronger TMH, we rely on your trust. Therefore, we welcome your comments or questions about our report: please get in touch with our company secretary, who is also in charge of our compliance and sustainability efforts, by email at info@tmhtelecom.com.

Your sincerely,

**ဦးသီဟလွင်**

အုပ်ချုပ်မှု ဒါရိုက်တာ

Managing Director


TMH
TELECOM




# CORPORATE GOVERNANCE

**PAGE 16 - 37**

# Statement from our Independent Directors

လွတ်လပ်သော ဒါရိုက်တာများအနေဖြင့် ကျွန်ုပ်တို့၏ တာဝန်မှာ TMH ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် လူနည်းစုအပါအဝင် သက်ဆိုင်သူအားလုံး၏ အကျိုးစီးပွားကို အစဉ်အမြဲ ဦးစားပေးထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ချေရှိသော အန္တရာယ်များကို စီမံခန့်ခွဲမှု၊ မဟာဗျူဟာနှင့် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ ပုံမှန်အစည်းအဝေးများမှတစ်ဆင့်၊ TMH ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ ဂုဏ်သိက္ခာ၊ ပိုင်ဆိုင်မှု၊ ဝန်ထမ်းများနှင့် တန်ဖိုးများကို ကာကွယ်ပေးနိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ဈေးကွက်အခြေအနေအရ စိန်ခေါ်မှုများရှိနေသော်လည်း ကုမ္ပဏီသည် စီမံခန့်ခွဲမှုအရည်အချင်းကို အသုံးပြု၍ မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး အကျိုးအမြတ်များရရှိခဲ့သည်။ ကုမ္ပဏီ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် မဟာဗျူဟာများသည် ထိုက်သင့် လျော်ကန်မည်ဟုလည်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။

TMH တွင် လိမ်လည်မှုကိစ္စရပ်များကို လျင်မြန်စွာ စုံစမ်းဖော်ထုတ်နိုင်မှုရှိခြင်းသည် ကုမ္ပဏီအတွင်း ခိုင်မာသော ထိန်းချုပ်မှုရှိသည်ကို ဖော်ပြလျက်ရှိပြီး ကုမ္ပဏီသည် ကျွန်ုပ်တို့၏ အကြံပြုချက်အချို့ကို စတင် အကောင်အထည်ဖော်နေပြီ ဖြစ်သည်ကို သေချာစေပါသည်။

TMH သည် ယမန်နှစ်တွင် ဘဏ္ဍာရေး အရာရှိချုပ် အသစ်တစ်ဦးကို ခန့်အပ်ခဲ့ပြီး ဤအကူးအပြောင်းကို ချောမွေ့စွာ စီမံဆောင်ရွက်နိုင်ခဲ့သည်။ ယင်းအခြေအနေသည် ကုမ္ပဏီ၏ အရည်အချင်းပြည့်မီသော ကျွမ်းကျင်ပညာရှင်များကို ဆွဲဆောင်နိုင်သည့် စွမ်းရည်ကို ထင်ဟပ်ပြသလျက်ရှိသည်။

ကုမ္ပဏီ၏စီမံအုပ်ချုပ်မှု မူဘောင်ကိုမြှင့်တင်ရန် နှင့် ကုမ္ပဏီကို ဦးဆောင်နေသည့် အဓိကအပုဂ္ဂိုလ်များအပေါ် မှီခိုအားထားမှုကို စီမံခန့်ခွဲရန်အတွက် TMH အနေဖြင့် ကောင်းမွန်သော ရာထူးဆက်ခံမှုဆိုင်ရာ နည်းဗျူဟာတစ်ရပ်ကို ဖော်ဆောင်ရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ပြီးခဲ့သောနှစ်တွင် ကုမ္ပဏီသည် ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရန် သီးခြားလွတ်လပ်သော ကော်မရှင်တစ်ခု ဖွဲ့စည်းရန် အကြံပြုခဲ့ပြီး၊ ဤအကြံပြုချက်သည် တရားဝင်ဆဲဖြစ်သည်။

ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်အားလုံးကို ကုမ္ပဏီနှင့် ထိတွေ့ဆက်ဆံပြီး ကျွန်ုပ်တို့၏ လာမည့်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို တက်ရောက်ရန် တိုက်တွန်းလိုပါသည်။ ဤအစည်းအဝေးသည် ရှယ်ယာရှင်များအတွက် ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ရန် အတွက် ထူးခြားသည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်။

As independent board members, our role is to ensure that TMH's Board always considers and prioritises the interests of our shareholders, including those with a minority interest, and of all our stakeholders.

Through regular meetings discussing the Company's approach to risk management, strategy and financial reporting, we are confident that TMH's Board safeguards the Company's integrity, assets, personnel, and values.

Despite challenging market conditions, the Company has remained profitable, reflecting the quality of TMH's management in executing its strategy. We are also convinced that the Company's vision, mission and strategy are relevant and appropriate.

We have observed that TMH has a robust control environment, as it quickly detects fraud cases, and we are assured that the Company has started to implement some of our recommendations.

TMH welcomed a new Chief Financial Officer last year, reflecting the Company's ability to attract qualified professionals. We are pleased to note that this transition was smoothly managed.

To continue enhancing its governance framework, we expect TMH to develop a sound succession-planning strategy to manage its reliance on key personnel. Last year, we suggested that the Company commission a third party to conduct a thorough evaluation of the Board's performance, and this suggestion remains valid.

We encourage all our shareholders to engage with the Company and attend our future Annual General Meeting—this is a unique opportunity for them to take part in its development.

# Board’s Report

## *Highlights*

- ဒါရိုက်တာအဖွဲ့သည် ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအတွင်း ၇ ကြိမ်တိုင် စည်းဝေးတွေ့ဆုံခဲ့ပြီး အစည်းအဝေး တက်ရောက်မှုမှာ ၁၀၀ ရာခိုင်နှုန်းရှိခဲ့သည်။ ယင်းအခြေအနေသည် ကုမ္ပဏီ၏ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် တန်ဖိုးများသည် ထိုက်သင့်လျော်ကန် နေကြောင်း သေချာစေသည်။
- ဒါရိုက်တာအဖွဲ့သည် TMH ၏ ဘဏ္ဍာရေးဆိုင်ရာခိုင်မာရေး၊ မဟာဗျူဟာနှင့် ဝန်ထမ်းများ၏ လုံခြုံရေးနှင့် ဘေးကင်းရေးတို့ကို အဓိကဆွေးနွေးပြီး၊ လက်ရှိဘဏ္ဍာရေးနှစ်တွင် တွေ့ရှိခဲ့သည့် လိမ်လည်မှုကိစ္စကို ဖြေရှင်းရန် နည်းလမ်းကိုလည်း အတည်ပြုခဲ့သည်။
- ဒါရိုက်တာအဖွဲ့သည် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကုမ္ပဏီ၏ အသုံးစရိတ်ကို တင်းကြပ်စွာ စီမံခန့်ခွဲမှုအပေါ် ပံ့ပိုးပေးသည်။ အလားတူပင်၊ ကုမ္ပဏီ၏ အလုံးစုံတန်ဖိုးကို တတ်နိုင်သမျှ မျှမျှတတနှင့် တိကျစွာ အကဲဖြတ်ကြောင်း သေချာစေရန်အတွက် အချို့သော ပိုင်ဆိုင်မှုများကို ပယ်ဖျက်ရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့သည်။
- TMH ၏ နောက်ဆုံးအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အွန်လိုင်းမှ ကျင်းပခဲ့ပါသည်။ ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များသည် ဘဏ္ဍာရေးအစီရင်ခံစာ၊ ဒါရိုက်တာများ၏အစီရင်ခံစာ၊ BOD အဖွဲ့ဝင်သုံးဦး ပြန်လည်ရွေးချယ်ခြင်းနှင့် ICOP Sein Win and Associates Company Limited ကို သီးခြားစာရင်းစစ်အဖြစ် ပြန်လည်ခန့်အပ်ခြင်းကို အတည်ပြုခဲ့ပါသည်။
- နောက်ဆုံးဖော်ပြသည့် Pwint Thit Sa အစီရင်ခံစာတွင် TMH ကုမ္ပဏီသည် အဆင့် ၁၁ ရရှိခဲ့သည်။ TMH သည် ၎င်း၏ သတင်းအချက်အလက် ထုတ်ဖော်ကြေညာမှုနှင့် မူဝါဒများ၏ အရည်အသွေးကို မြှင့်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။



ဒါရိုက်တာအဖွဲ့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အစည်းအဝေး ၇ ကြိမ် ကျင်းပခဲ့သည်။

The Board held 7 meetings in FY23/24.



အစည်းအဝေး ပျမ်းမျှ တက်ရောက်နှုန်းမှာ ၁၀၀ ရာခိုင်နှုန်း ရှိခဲ့သည်။

The average attendance rate at the Board meetings was 100%.



ဒါရိုက်တာအဖွဲ့၏ ထက်ဝက်သည် အမျိုးသမီးများ ဖြစ်ပြီး အဖွဲ့ဝင်၏ ၃၀ ရာခိုင်နှုန်း သည် လွတ်လပ်သော ဒါရိုက်တာများဖြစ်သည်။

Half of our BOD members are women, and 30% of Board members are independent directors

- The Board met 7 times between April 2023 and March 2024 and the meeting attendance rate reached 100%. This ensures that the Company's mission, vision and values are still relevant.
- The Board mainly discussed on TMH's financial health, strategy, and staff security and safety. The Board also approved the approach to resolving a case of fraud that was detected during the financial year.
- The Board also supported the Management's approach to strictly managing the Company's expenses. Likewise, the Board decided to write off certain assets to ensure that the overall value of the company was assessed as fairly and precisely as possible.
- TMH's latest AGM was held online on 18th June 2023. Our shareholders approved the financial report, the directors' report, the re-election of three BOD members, and the reappointment of ICOP Sein Win and Associates Company Limited as independent auditor.
- Our rank in the last Pwint Thit Sa report was 11. TMH will continue to work to improve the quality of its disclosure and policies.

အစုရှယ်ယာရှင် ၁၁၃၀ ဦး သည် ကုမ္ပဏီ၏ အနည်းဆုံး ရှယ်ယာ ၁ ခုကို ပိုင်ဆိုင်ပါသည်။

1,130 shareholders own at least 1 share in our Company.

ဒါရိုက်တာအဖွဲ့သည် ဆက်နွယ်သည့် ပုဂ္ဂိုလ် အဖွဲ့အစည်းများ အကြား ရောင်းဝယ်လွှဲပြောင်းခြင်းများကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများကို စီမံခန့်ခွဲရန် မလိုအပ်ပါ။

The Board did not have to review any related party transactions or manage any conflicts of interest

TMH သည် Pwint Thit Sa ၏ နောက်ဆုံးအစီရင်ခံစာတွင် အဆင့် ၁၁ ရရှိခဲ့သည်။

TMH ranked 11th in Pwint Thit Sa' latest report.

# Corporate governance structure

အစုရှယ်ယာရှင်များ
Shareholders

အထွေထွေအစည်းအဝေး
General Meetings

**ဒါရိုက်တာ ဘုတ်အဖွဲ့**
**Board of Directors**

ရွေးချယ်တင်မြှောက်ရေး ကော်မတီ
Nominating Committee

အခကြေးငွေပေးချေရေး ကော်မတီ
Remuneration Committee

စိစစ်ရေး၊ လိုက်နာ ဆောင်ရွက်ရေးနှင့် စီမံအုပ်ချုပ်ရေး ကော်မတီ
Audit, Compliance and Corporate Governance Committee

**စီမံခန့်ခွဲရေး အဖွဲ့**
**Management Team**

အုပ်ချုပ်မှုဒါရိုက်တာ
Managing Director

စီမံအုပ်ချုပ်ရေး
(Admin)

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး
(Business Development)

လိုက်နာဆောင်ရွက်ရေး
(Compliance)

ဘဏ္ဍာရေး
(Finances)

ဝန်ထမ်းရေးရာ
(HR)

လုပ်ငန်းလည်ပတ်ရေး
(Operations)

ဝယ်ယူရေး
(Procurement)

ကျွန်ုပ်တို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုပုံစံအား ရှင်းလင်းစွာ ဖော်ပြထားပါသည်။ အစုရှယ်ယာရှင် ၁,၁၃၀ ကျော်က TMH ကုမ္ပဏီအား ပိုင်ဆိုင်ပြီး ကုမ္ပဏီ၏ အနာဂတ်ကိစ္စရပ်များကို အထွေထွေအစည်းအဝေးများတွင် ဆုံးဖြတ်အတည်ပြုကြသည်။ ဒါရိုက်တာအဖွဲ့ဝင်များသည် မဟာဗျူဟာများကို အတည်ပြုပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ကြီးကြပ်လျက်ရှိသည်။

ဒါရိုက်တာအဖွဲ့တွင် ကော်မတီ(၃)ခု ဖွဲ့စည်းထားပါသည် -

(၁) စိစစ်ရေး၊ လိုက်နာဆောင်ရွက်ရေးနှင့် စီမံအုပ်ချုပ်ရေး ကော်မတီ

(၂) အမည်စာရင်းတင်သွင်းရေး ကော်မတီ

(၃) အခကြေးငွေပေးချေရေး ကော်မတီ

ကျွန်ုပ်တို့၏ အုပ်ချုပ်မှုဒါရိုက်တာမှ ဦးဆောင်၍ ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့သည် မဟာဗျူဟာမြောက် အစီအစဉ်အား ကွပ်ကဲခြင်း၊ ရလဒ်များအားဖြစ်ပေါ်စေခြင်းနှင့် ဘုတ်အဖွဲ့သို့ တင်ပြခြင်းတို့အတွက် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အောက်ဖော်ပြပါ ဇယားကွက်တွင် အဖွဲ့အစည်းတစ်ခုစီ၏ တာဝန်များကို အနှစ်ချုပ် ဖော်ပြထားသည်။

Our corporate governance structure is clear: our 1,130+ shareholders own TMH and decide its future during General Meetings. Our Board of Directors (BOD) validates the strategy and oversees its implementation.

The Board has established three committees, which are all chaired by Independent Directors:

1. The Audit, Compliance and Corporate Governance (ACCG) Committee,
2. The Nominating Committee,
3. The Remuneration Committee.

Led by our Managing Director, TMH's Management team is then responsible for executing our strategic plan, delivering results and reporting its performance to the Board. The tables below summarise the responsibilities of each body.

## Shareholders

ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်ကြီး ၁၀ ဦးသည် မဲပေးပိုင်ခွင့်၏ ၉၃ ရာခိုင်နှုန်းကို ထိန်းချုပ်ထားသည်။ မဲပေးပိုင်ခွင့်၏ ၈၉ ရာခိုင်နှုန်း ကို ကုမ္ပဏီ၏ ရေရှည်အကျိုးစီးပွားနှင့်သက်ဆိုင်သော အစုရှယ်ယာရှင်များဖြစ်သည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် TMH တွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ထားသော ကုမ္ပဏီအများအပြားက ချုပ်ကိုင်ထားသည်။ မည်သို့ပင်ဆိုစေကာမူ TMH သည် အစုရှယ်ယာအနည်းငယ်ကို ကိုင်ဆောင်ထားသူများအပါအဝင် ကုမ္ပဏီ၏ ရှယ်ယာရှင်အားလုံး၏ အကျိုးစီးပွားကို ကာကွယ်ရန် အရေးကြီးပါသည်။ ၎င်းတို့သည် TMH ၏ ရေရှည်အကျိုး စီးပွားတည်ဆောက်နိုင်စွမ်းကို ယုံကြည်ပါက နောင်တွင် ပိုမိုရင်းနှီးမြှုပ်နှံလာမည် ဖြစ်သည်။

Our ten most significant shareholders control 93% of the voting rights. 89% of our voting rights are held by shareholders who have a long-term interest in our Company, namely our BOD members and several companies that have decided to invest in TMH. Nevertheless, it is important for TMH to protect the interests of all its shareholders, especially those holding a small number of shares. Should they trust TMH's ability to create long-term value, they may be able to provide us with more capital later.

**Breakdown of our shareholding as of March 2024**




**Breakdown of our shareholding by nationality as of March 2024**




## General Meetings

ကျွန်ုပ်တို့၏ အစုရှယ်ယာရှင် ၁,၁၃၀ ကျော်ကို အထွေထွေအစည်းအဝေးများသို့ အောက်ပါအကြောင်းအရာများကို တွေ့ဆုံဆွေးနွေးကြရန် ဖိတ်ကြားပါသည်။

- ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခြင်း - ဒါရိုက်တာအဖွဲ့ဝင်များသည် ကုမ္ပဏီ၏တန်ဖိုး နှင့် အရင်းအနှီးများကို အစုရှယ်ယာရှင်များကိုယ်စား ကာကွယ်စောင့်ရှောက်ပြီး တိုးတက်စေရန် လုပ်ဆောင်မည်ဖြစ်သည်။
- ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဒါရိုက်တာ အစီရင်ခံစာများကို ဆွေးနွေးအတည်ပြုခြင်း
- ဒါရိုက်တာအဖွဲ့ဝင်များရေးဆွဲထားသည့် မဟာဗျူဟာမြေပုံလမ်းစဉ်နှင့် ကုမ္ပဏီ၏ အရင်းအမြစ် ဆိုင်ရာ ခွဲဝေအသုံးချမှု (အထူးသဖြင့် ကုမ္ပဏီ၏ အရင်းအမြစ်များ ပိုမို ဖွံ့ဖြိုးလာစေရန် ခွဲဝေသုံးစွဲမည့် ပမာဏ) တို့အား ဆွေးနွေး အတည်ပြုခြင်း

Our 1,130+ shareholders are invited to our General Meetings to:

- Elect the Directors of the Board. The BOD Members will then act on their behalf to protect and develop the Company's value and assets.
- Approve financial statements, the auditors' report and the directors' report.
- Approve the strategic roadmap prepared by the BOD Members and the allocation of TMH's resources, especially the amounts to be set aside to invest in further developing TMH's assets.

## Our 6th AGM

TMHသည်ဆဋ္ဌမ အကြိမ်မြောက်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အွန်လိုင်းမှ ကျင်းပခဲ့သည်။ ရှယ်ယာရှင် ၂၈ ဦး တက်ရောက်ခဲ့ပြီး မဲပေးခွင့် ၈၈ ရာခိုင်နှုန်း ကို ကိုယ်စားပြုသည်။ တင်ပြသည့် ဆုံးဖြတ်ချက်အားလုံးကို အစုရှယ်ယာရှင်များက အတည်ပြုခဲ့သည်။ ရလဒ်များကို ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်တွင် ထုတ်ပြန်ခဲ့သည်။[2]

TMH held its 6th Annual General Meeting on 18th June 2023 online. 28 shareholders participated, representing 88% of the voting rights. The shareholders approved all the resolutions submitted. The results were published on our website[2].

## Board of Directors

ကျွန်ုပ်တို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်ကို ကျွန်ုပ်တို့၏ ဘုတ်အဖွဲ့မူဝါဒတွင် အကျဉ်းချုပ်ဖော်ပြထားသည်။ အဆိုပါ မူဝါဒကို ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့မှ ၂၀၂၀ ခုနှစ်တွင် အတည်ပြုခဲ့ပြီး

- ဘုတ်အဖွဲ့ ဖွဲ့စည်းမှု၊
- ဘုတ်အဖွဲ့ဝင်များ၏ အခန်းကဏ္ဍ နှင့် တာဝန်များ၊
- ဘုတ်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများ နှင့်
- အခြားသော မူဝါဒများ ဖြစ်သည့် ဆက်နွယ်သည့် ပုဂ္ဂိုလ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်းများ၊ အကျိုးစီးပွား ပဋိပက္ခဆိုင်ရာ စသည့် အကြောင်းအရာများ ပါဝင်သည်။

ကျွန်ုပ်တို့၏ ဘုတ်အဖွဲ့မူဝါဒကို ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်တွင် ကြည့်ရှု နိုင်ပါသည်။ ဤမူဝါဒကို အကောင်အထည်ဖော်ရန် နှင့် လိုက်နာမှု ရှိ၊ မရှိ စောင့်ကြည့်ကွပ်ကဲရန် ဒါရိုက်တာအဖွဲ့မှ ကော်ပိုရိတ်အတွင်းရေးမှူးအား တာဝန်ပေးအပ်ထားသည်။

Our corporate governance framework is summarised in our Board Policy. Approved by our Board in 2020, it covers a wide range of topics such as:

- our Board composition,
- the role and responsibilities of our Board members,
- Board working procedures, and
- other policies such as related-party transactions, conflict of interest, etc.

Our Board Policy is available on our website. Our corporate secretary is tasked by the Board with ensuring that we enact and comply with this Policy.




2. See: https://www.tmhtelecom.com/general-meetings/

# BOARD OF DIRECTORS

## Governance

- SECM နှင့် ရန်ကုန်စတော့အိတ်ချိန်း (YSX) တို့ ကဲ့သို့သော သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော ဥပဒေ ဆိုင်ရာ အချက်အလက်များနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရန် စစ်ဆေးခြင်းကို သေချာစေခြင်း
- TMH ကုမ္ပဏီ၏ ကော်ပိုရိတ်ဆိုင်ရာ မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ကြီးကြပ် ကွပ်ကဲခြင်း
- ကုမ္ပဏီ၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များနှင့် ဆီလျော်မှု ရှိစေရန် သုံးသပ်ခြင်း

- Ensure TMH's compliance with all legal and regulatory requirements issued by relevant authorities, especially SECM and YSX.
- Validate and oversee the implementation of TMH's corporate policies.
- Review the relevance of the Company's mission and vision.

## Strategy

- TMH ကုမ္ပဏီ၏ မဟာဗျူဟာအား အကောင်အထည်ဖော်ရာတွင် စောင့်ကြည့်လေ့လာခြင်း၊ အတည်ပြုခြင်း
- အရေးပါသော စီးပွားရေးလုပ်ငန်းကိစ္စရပ်များကို ဆုံးဖြတ်ပေးခြင်း

- Approve and monitor the implementation of TMH's strategy.
- Decide on crucial business matters.

## Risk & Controls

- TMH ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ စီမံခန့်ခွဲရေးမူဘောင်ကို သုံးသပ်စစ်ဆေးခြင်း
- ခိုင်မာသော ထိန်းချုပ်ကွပ်ကဲရေးဆိုင်ရာ ပတ်ဝန်းကျင် တစ်ရပ်ကို တည်ဆောက်ခြင်း

- Review the risk management framework.
- Establish a sound control environment.

## Reporting

- နှစ်ပတ်လည် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများနှင့် ကော်ပိုရိတ်ဆိုင်ရာ ထုတ်ပြန်ကြေငြာချက်များနှင့် ပတ်သက်၍ မှန်ကန်မှုကို သေချာစေခြင်း

- Ensure the integrity of the financial statements and corporate disclosure.

## People

- ဒါရိုက်တာအဖွဲ့ဝင်များ၏ သက်ဆိုင်ရာကဏ္ဍနှင့် တာဝန်ဝတ္တရားများအရ သင့်တော်သော အဖွဲ့ဝင်များကို ခန့်အပ်ခြင်းအားဖြင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ ရာထူးဆက်ခံမှုကို သေချာစေခြင်း

- Secure the BOD's succession by identifying suitable candidates to assume roles and responsibilities on the Board.

ဒါရိုက်တာအဖွဲ့၏ လုပ်ဆောင်ချက် အသေးစိတ်ကို စာမျက်နှာ ၂၉ တွင် ဖတ်ရှုနိုင်ပါသည်။
You can find more details about the activities undertaken by the Board on page 29.

# AUDIT, COMPLIANCE AND CORPORATE GOVERNANCE COMMITTEE

## Compliance

- ကုမ္ပဏီအနေဖြင့် ဥပဒေများ၊ စည်းမျဉ်းများ၊ ရုံးတွင်း ကျင့်ဝတ်ဆိုင်ရာ မူဝါဒများ လိုက်နာမှု ရှိစေရန် စစ်ဆေးခြင်း

- Ensure TMH's compliance with laws, regulations and internal codes and policies.

## Risk & Controls

- လိမ်လည်ထားကြောင်း မသင်္ကာဖွယ် အမှု၊ နည်းလမ်း မကျမှု၊ သို့မဟုတ် ဖောက်ဖျက်မှု တစ်စုံတစ်ရာ မရှိစေရေးအတွက် ကုမ္ပဏီတွင်း စာရင်းစစ်များ၊ ပြင်ပ စာရင်းစစ်များ နှင့် စိစစ်သုံးသပ် ဆွေးနွေးတိုင်ပင်ခြင်း
- ပြင်ပစာရင်းစစ်များ ခန့်ထားမှု၊ ပြန်လည် ခန့်ထားမှုတို့အား သုံးသပ်ခြင်း
- အကျိုးစီးပွားဆိုင်ရာ ပတ်သက်ဆက်နွယ်မှုရှိသော ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို စိစစ် သုံးသပ်၍ အတည်ပြုခြင်း
- အကျိုးစီးပွား ပဋိပက္ခဆိုင်ရာ ဆက်သွယ်ဆောင်ရွက် ချက်များကို စိစစ်သုံးသပ်ခြင်း
- ကုမ္ပဏီတွင်း စာရင်းစစ်များနှင့် ပြင်ပစာရင်းစစ်တို့၏ လုပ်ငန်း အစီအစဉ်များ ချမှတ်ဆောင်ရွက်မှုကို စိစစ် သုံးသပ်ခြင်း
- ကုမ္ပဏီအတွင်း ထိန်းချုပ်ရေးဆိုင်ရာ အကဲဖြတ်မှုကို ကွပ်ကဲခြင်း

- Review and discuss with external and internal auditors any suspected fraud or irregularity.
- Consider the appointment and re-appointment of the external auditors.
- Review and approve related-party transactions.
- Review any potential conflicts of interest.
- Review the audit plans of the external and internal auditors.
- Oversee the evaluation of internal controls.

## Reporting

- နှစ်ပတ်လည် ဘဏ္ဍာရေး ရှင်းတမ်းများနှင့် ပြင်ပ စာရင်းစစ်တို့၏ စာရင်းစစ်အစီရင်ခံစာအား ဒါရိုက်တာအဖွဲ့နှင့် ရှယ်ယာရှင်များထံ အတည်ပြုချက် ရယူခြင်း မပြုမီ ဆွေးနွေးသုံးသပ်ခြင်း
- ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် အစုရှယ်ယာရှင်များမှ ကြောင့်ကြမှု တစုံတရာ ဖြစ်ပေါ်ပါက ကော်မတီ ဥက္ကဋ္ဌသို့ ယုံကြည်စိတ်ချစွာ တင်ပြနိုင်စေရန် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို သေချာစေခြင်း
- လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်နှင့် နောက်ဆက်တွဲ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အစီအစဉ်တကျ ရှိစေခြင်း

- Review the financial statements and the external auditors' report before their submission to our Board and shareholders for approval.
- Safeguard the procedures by which our employees and stakeholders may, in confidence, report their concerns to the Chairperson of the Committee.
- Ensure that there are arrangements in place for an independent investigation and follow-up actions.

# REMUNERATION COMMITTEE

## People

- ဒါရိုက်တာအဖွဲ့ဝင်များ၏ အခကြေးငွေ ခံစားခွင့်နှင့် ပတ်သက်၍ ဘုတ်အဖွဲ့အား အကြံပေးခြင်း
- ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပုဂ္ဂိုလ်များအတွက် အခကြေးငွေဆိုင်ရာ မူဘောင် ချမှတ်ရာတွင် ဘုတ်အဖွဲ့အား အကြံပြု တင်ပြခြင်း

- Advise the Board on the remuneration of the BOD members.
- Review and recommend to the Board a general framework of remuneration for the Board and key management personnel.

# NOMINATING COMMITTEE

## Governance

- ဒါရိုက်တာအဖွဲ့ တစ်ခုလုံး၏ လုပ်ငန်းဆိုင်ရာ အကျိုးသက်ရောက်မှုအား သုံးသပ် စစ်ဆေး ခြင်း
- ဒါရိုက်တာများ၏ လွတ်လပ်မှုအား နှစ်စဉ် ပြန်လည် ဆန်းစစ်ခြင်း
- ဒါရိုက်တာတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်အားနှင့် ပံ့ပိုးနိုင်မှုကို သုံးသပ်ခြင်း

- Review the effectiveness of the Board.
- Review the independence of Directors annually.
- Review the contribution and performance of each BOD Member.

## People

- ဘုတ်အဖွဲ့ဝင်များအား အစုရှယ်ယာရှင်များမှ ဆုံး ဖြတ် အတည်ပြုခြင်း မလုပ်မီ အဖွဲ့ဝင်အဖြစ် ရွေးချယ်ရာတွင် အကြံဉာဏ်ပေးခြင်း
- ဘုတ်အဖွဲ့တွင် ပြန်လည် အရွေးခံလိုသည့် ကိုယ်စားလှယ်လောင်း အသီးသီးအား သင့်တော်မှုရှိ၊ မရှိ စစ်ဆေးခြင်း

- Advise the Board on the nomination of BOD members before their approval by the shareholders.
- Check the suitability of the various candidates seeking (re-) election to the Board.

# BOD Composition



ဦးမြင့်လွင်
U Myint Lwin
Chairman of the Board



ဒေါ်ခင်နှင်းလွင်
Daw Khin Hnin Lwin
ACCG Member



ဦးသီဟလွင်
U Thiha Lwin
Managing Director



ဦးကျော်စွာလွင်
U Kyaw Swar Lwin
RC – Member



ဒေါ်ဥမ္မာလွင်
Daw Ohmar Lwin
RC – Member



ဒေါက်တာနန်းလဲ့ရည်စိုး
Dr. Nang Lai Yi Soe
NC – Member



ဒေါ်သူဇာ
Daw Thu Zar



ဦးအောင်သန်း
U Aung Than
RC – Chair



ဦးသိန်းဇော်
U Thein Zaw
ACCG – Chair*
NC – Member



ဒေါ်တင်မေဦး
Daw Tin May Oo
NC – Chair*
ACCG – Member

| Directorships | | Committees | |
|---|---|---|---|
| | Executive | ACCG | Audit, Compliance and Corporate Governance Committee |
| | Non-Executive | NC | Nominating Committee |
| | Independent, Non-Executive | RN | Remuneration Committee |

ဒါရိုက်တာတစ်ဦးစီ၏ ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့၏ဝဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။
More biographical details are available for each Director on our website.

## Breakdown of the directorship's type



- Independent Non-Executive Director
- Non-Executive Director
- Executive Director

ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ဝင်အများစုသည် အမှုဆောင်မဟုတ်သော ဒါရိုက်တာများဖြစ်ပြီး အဖွဲ့ဝင်နေရာများ၏ ၃၀ ရာခိုင်နှုန်း ကို လွတ်လပ်သော၊ အမှုဆောင်မဟုတ်သော အဖွဲ့ဝင်များကို ခန့်အပ်ထားပါသည်။

A majority of our Board members are non-executive directors, with 30% of the seats held by independent, non-executive Board members.

## Diversity of TMH's Board of Directors



- Male
- Female

ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့သည် ကျား-မ အရေအတွက် ညီမျှမှုရှိပါသည်။

Our Board is gender-balanced.

## Meeting attendance

ဒါရိုက်တာတစ်ဦးချင်းစီ၏ အစည်းအဝေး တက်ရောက်မှုကို အောက်ပါဇယားကွက်တွင် အနှစ်ချုပ်ဖော်ပြထားသည်။

The attendance of each Director is summarised in the table below:

| Name | Date of first appointment | Date of last re-election | Board meetings | ACCG | NC | RC |
|---|---|---|---|---|---|---|
| U Myint Lwin* | 10/09/2007 | 19/03/2022 | 7/7 | | | |
| Daw Khin Hnin Lwin* | 10/09/2007 | 19/03/2022 | 7/7 | 4/4 | | |
| U Kyaw Swar Lwin* | 03/09/2011 | 19/03/2022 | 7/7 | | | 1/1 |
| U Thiha Lwin* | 10/09/2007 | 18/06/2023 | 7/7 | | | |
| Daw Ohmar Lwin* | 11/08/2016 | 20/12/2020 | 7/7 | | | 1/1 |
| Dr Nang Lai Yi Soe* | 11/08/2016 | 18/06/2023 | 7/7 | | 1/1 | |
| Daw Thu Zar* | 11/08/2016 | 18/06/2023 | 7/7 | | | |
| U Aung Than | 25/06/2017 | 20/12/2020 | 7/7 | | | 1/1 |
| U Thein Zaw | 25/06/2017 | 20/12/2020 | 7/7 | 4/4 | 1/1 | |
| Daw Tin May Oo | 1/3/2023 | Nil | 7/7 | 4/4 | 1/1 | |

* သည် TMH ၏ အစုရှယ်ယာစုစုပေါင်း၏ ၈ ရာခိုင်နှုန်းနှင့် အထက် ပိုင်ဆိုင်သည့် ဒါရိုက်တာအဖွဲ့ဝင်များကို ဖော်ပြသည်။

* Indicates the BOD members who individually own more than 8% of TMH's share.

## Remuneration of the Board of Directors and Executive Officers

| Overall remuneration | FY 2023-2024 | FY 2022-2023 | FY 2021-2022 | FY 2020-2021 | FY 2019-2020 |
|---|---|---|---|---|---|
| ဒါရိုက်တာအဖွဲ့<br>Board of Directors | MMK 57,120,000 | MKK 53,760,000 | MMK 26,880,000 | MMK 61,600,000 | MMK 67,200,000 |
| အမှုဆောင်အရာရှိများ<br>Executive Officers | MMK 52,320,000 | MMK 44,160,000 | MMK 22,080,000 | MMK 50,600,000 | MMK 55,200,000 |



# BOD Activities in FY23/24

ဒါရိုက်တာအဖွဲ့သည် (၇) ကြိမ်တွေ့ဆုံစည်းဝေးခဲ့ပြီး နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ အကျပ်အတည်းများကြားမှ TMH ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များကို အောက်ပါအတိုင်း အထူး အလေးပေး ဖြေရှင်းဆောင်ရွက်ခဲ့သည်။

- TMH ကုမ္ပဏီ၏ လုပ်ဆောင်ချက်များကို လေ့လာစောင့်ကြည့်ခြင်း - ဒါရိုက်တာအဖွဲ့သည် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တင်ပြလာသော လုပ်ငန်းစဉ် တိုးတက်မှု အစီအရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး မဟာဗျူဟာဆိုင်ရာရည်မှန်းချက်အသစ်များကို အတည်ပြုခဲ့သည်။
- ဆုံးရှုံးနိုင်ခြေများကို ထိန်းချုပ်ခြင်း - ဒါရိုက်တာအဖွဲ့သည် TMH ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာ ချဉ်းကပ်မှုနှင့် လျှော့ချနိုင်ရေး အစီအစဉ်များအား အတည်ပြုခဲ့သည်။ (အသေးစိတ်အချက်အလက်များ အား စာမျက်နှာ ၃၀ တွင် ဖော်ပြထားပါသည်။)
- အစီအရင်ခံတင်ပြခြင်း - ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ တန်ဖိုးကို ပြန်လည်အကဲဖြတ်ရာတွင် တိကျ သေချာ၍ မျှတမှုရှိစေရန် အချို့သော ရပိုင်ခွင့်များကို ပယ်ဖျက်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။
- စီးပွားရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု - ဒါရိုက်တာအဖွဲ့သည် လွန်ခဲ့သော ဘဏ္ဍာနှစ်တွင် စီမံခန့်ခွဲရေးအဖွဲ့၏ လိမ်လည်မှုကိစ္စရပ်ကို ဖြေရှင်းခြင်း ဆိုင်ရာနည်းလမ်းကို ဆွေးနွေးသတ်မှတ်ခဲ့သည်။ ဒါရိုက်တာအဖွဲ့သည် အနာဂတ်တွင် ထိုသို့သော အခြေအနေမျိုးကို ရှောင်ရှားနိုင်ရန် စီမံခန့်ရေးရာအဖွဲ့မှ အကြံပြုထားသော လုပ်ဆောင်ချက်အသစ်များကို ပြန်လည်သုံးသပ်ပြီး အတည်ပြုခဲ့ပါသည်။

အောက်ဖော်ပြပါ ဇယားကွက်တွင် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး တက်ရောက်မှုဆိုင်ရာ အနှစ်ချုပ်ကို ဖော်ပြထားသည်။

The Board met 7 times. The discussions were focused on TMH's financial and operational sustainability amidst political and economic crisis, with a focus on the following topics:

- Monitoring of TMH's performance. The Board discussed the progress reported by the Management and approved the new strategic objectives.
- Risks and controls. The Board approved TMH's risk management approach and mitigation measures (more information is provided on page 30).
- Reporting. The Board decided to write off certain assets to ensure that the overall value of the company was assessed as fairly and precisely as possible.
- Business integrity. The Board discussed the Management's approach to resolving a case of fraud that was identified during the last financial year. The Board reviewed and approved the new actions suggested by the management to avoid such a situation in the future.

The table below provides a summary of the topics discussed during each meeting.

| Date | Meeting attendance | Business review | Compliance & reporting | Corporate Governance | People | Risks & Controls | Strategy |
|---|---|---|---|---|---|---|---|
| 17/5/2023 | 100% | ✓ | ✓ | ✓ | | ✓ | ✓ |
| 4/7/2023 | 100% | ✓ | | | | | ✓ |
| 14/9/2023 | 100% | ✓ | | | | | ✓ |
| 28/12/2023 | 100% | ✓ | ✓ | ✓ | ✓ | ✓ | |
| 15/1/2024 | 100% | | | | ✓ | | |
| 27/2/2024 | 100% | ✓ | | | | | ✓ |
| 28/3/2024 | 100% | ✓ | | | | | ✓ |

# Risk management

## Control environment

ACCG ကော်မတီ၏ အဓိကတာဝန်များမှာ TMH ကုမ္ပဏီသည် သက်ဆိုင်ရာ မြန်မာ့ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ လိုက်နာခြင်း ရှိ/မရှိ ကြီးကြပ်ရန်နှင့် လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ် သက်ရောက်စေမည့် အဓိက ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန် ဖြစ်ပါသည်။ TMH ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လုံလောက်သော သတင်းအချက်အလက်များ ရရှိနိုင်စေရန် ACCG ကော်မတီသည် ကုမ္ပဏီတွင်း စာရင်းစစ်အဖွဲ့ကို ကုမ္ပဏီရှိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်ထားပါသည်။ ကုမ္ပဏီတွင်း စာရင်းစစ်များသည် ACCG ကော်မတီအဖွဲ့ဝင် များသို့ တိုက်ရိုက် အစီရင်ခံတင်ပြနိုင်သည်။ TMH ကုမ္ပဏီ၏ ထိန်းချုပ်မှုပုံစံအား အောက်တွင် အကျဉ်းချုပ် ဖော်ပြထားသည်။

ကုမ္ပဏီတွင်း စာရင်းစစ်အဖွဲ့သည် အစီရင်ခံစာနှင့် တွေ့ရှိချက်များကို ACCG ကော်မတီနှင့် လစဉ်မျှဝေသည်။ ကုမ္ပဏီတွင်း စာရင်းစစ်အဖွဲ့သည် ဘုတ်အဖွဲ့အား တင်ပြထားသော၊ အထူးသဖြင့် TMH ၏ စွမ်းဆောင်ရည်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များအားလုံးကို စီစစ် အကဲဖြတ်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

ကုမ္ပဏီတွင်း စာရင်းစစ်အဖွဲ့သည် ဌာနအသီးသီးမှ ကုမ္ပဏီတွင်း စည်းမျဉ်းများနှင့် မူဝါဒများကို လိုက်နာမှု ရှိမရှိ စောင့်ကြည့်ရမည် ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ကျွန်ုပ်တို့သည် ချိုးဖောက်မှုတစ်ခုကို တွေ့ရှိခဲ့သည်။

(အသေးစိတ်အချက်အလက်များကို စာမျက်နှာ ၃၆ တွင် ဖော်ပြထားသည်။)

Our Audit, Compliance and Corporate Governance (ACCG) Committee is ultimately responsible for overseeing how TMH complies with all the relevant Myanmar laws and regulations and managing the key risks that might impact its operations' sustainability. To ensure that TMH's BOD always has the necessary information when making a decision, its ACCG Committee can task the internal audit team to investigate across the Company. Internal auditors will then report back directly to the ACCG Committee Members. TMH's control environment is summarised below.

The internal audit team will share its report and findings with the ACCG Committee every month. The internal audit team assesses, reviews, and challenges all the data shared with the Board, especially those related to TMH's performance.

Our internal audit also monitors how the various departments comply with our policies. Last year, we identified one breach (more details are provided on page 36).






| ပထမ ခံစစ်စည်း<br>First line of defence<br>ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲခြင်း<br>**Risk Management** | ဒုတိယ ခံစစ်စည်း<br>Second line of defence<br>လိုက်နာဆောင်ရွက်ခြင်း<br>**Compliance** | တတိယ ခံစစ်စည်း<br>Third line of defence<br>လွတ်လပ်စွာ အကဲဖြတ်သေချာစေခြင်း<br>**Independent assurance** |
|---|---|---|
| • ဆုံးရှုံးနိုင်သော အခြေအနေများကြုံတွေ့ရသည့် အခါ ဘုတ်အဖွဲ့မှ သတ်မှတ်ထားသည့် ကန့်သတ်ချက်၊ လုပ်ပိုင်ခွင့်နှင့် အန္တရာယ် ရှိနိုင်တို့မှု အပေါ် မူတည်၍ စီမံခန့်ခွဲခြင်း<br>• Takes and manages risk exposure in accordance with the risk appetite, mandate and limits set by the Board | • ဥပဒေစည်းကမ်းများ၊ TMH ၏ ပေါ်လစီများတွင် သတ်မှတ်ထားသောလိုအပ်ချက်များနှင့် အခြားသော စည်းမျဉ်းများနှင့် ကိုက်ညီမှု အတိုင်းအတာကို စစ်ဆေးခြင်း<br>• Confirms the level of compliance with regulations, and other limits and requirements as defined in TMH's policies | • ဘုတ်အဖွဲ့သို့ ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေရှိသော အန္တရာယ်များကို စီမံခန့်ခွဲမှုနှင့် ကုမ္ပဏီအတွင်း ကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများ၏ ထိရောက်မှုတို့နှင့် ပတ်သက်၍ လွတ်လပ်သော အမြင်နှင့် အကဲဖြတ်မှုကို ပံ့ပိုးခြင်း<br>• Provides the Board with an independent opinion about the effectiveness of Risk Management and Internal Controls |
| • သိသာထင်ရှားစွာ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေကိစ္စရပ်များကို တိုးမြင့်၍ ရှာဖွေဖော်ထုတ် သတ်မှတ်ခြင်း<br>• Identifies and escalates significant emerging issues related to risk | • ပထမခံစစ်စည်း၏ မူဘောင်များ အတိုင်း ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲနိုင်မှု အပေါ် လေ့လာဆန်းစစ်၍ အကဲဖြတ်ခြင်း<br>• Reviews and accesses how the first-line of defence enforces the Risk Management framework | • သိသာ ထင်ရှားသည့် ချို့ယွင်းချက်များ (သို့မဟုတ်) အရေးပါသော အားနည်းချက်များကိုသတ်မှတ်ခြင်း နှင့်ပြဿနာရပ်များကို အဆုံးသတ် ဖြေရှင်းနိုင်သော ပြောင်းလဲမှု နည်းလမ်းကို စောင့်ကြည့်လေ့လာခြင်း<br>• Identifies significant deficiencies or material weaknesses and monitors changes needed to mitigate the issues. |

# MANAGING OUR RISKS

## ဥပဒေဆိုင်ရာလိုက်နာမှု

## Legal & Compliance

### Risk Factor

- မြန်မာ့ ဥပဒေများနှင့် နည်းဥပဒေများအား အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ကျင့်သုံးရာတွင် မသေချာမှုများ ရှိနေနိုင်သည်။
- လက်ရှိ ဖြစ်ပေါ်နေသော နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျပ်အတည်းများသည် ပိုမိုရှုပ်ထွေးမှုများ ဖြစ်စေနိုင်ပြီး ကျင့်ဝတ်နှင့် မညီသော စီးပွားရေး ဆောင်ရွက်မှုများကို တွန်းအားပေး လျက်ရှိသည်။

- The interpretation and enforcement of Myanmar laws and regulations can involve uncertainty.
- The ongoing political and economic crisis cause more complexity and might encourage unethical business conduct.

### Approach

အဆိုပါဆုံးရှုံးနိုင်ခြေအား လျှော့ချရန်အတွက် TMH သည် ကြိုတင်ကာကွယ်သော နည်းလမ်းဖြင့် ဆောင်ရွက် လေ့ရှိသည်။

- ကုမ္ပဏီသည် လုပ်ငန်းများ၏ အကျိုးဆက်များကို အကဲဖြတ်ရန် due diligence လုပ်ငန်းစဉ်ကို တိုးမြှင့်ခဲ့သည်။
- ဒါရိုက်တာအဖွဲ့သည် စီမံကိန်းအသစ်များနှင့် လက်ရှိ လုပ်ဆောင်လျက်ရှိသော စီမံကိန်းများကို စစ်ဆေး ကြည့်ရှုသည်။

TMH ကုမ္ပဏီသည် လုပ်ငန်းလည်ပတ်မှု အခြေအနေများနှင့် လုပ်ဆောင်ချက်များအပေါ် အကျိုးသက်ရောက်မှု ရှိစေနိုင်သည့် ဥပဒေဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် မူဘောင်တွင် အပြောင်းအလဲများကို စောင့်ကြည့်ရန် နယ်ပယ်အသီးသီးရှိ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

TMH တွင် ကုမ္ပဏီ၏ ကျင့်ဝတ် ဆိုင်ရာ စည်းမျဉ်းကို အကောင်အထည်ဖော် ချမှတ်ရန် နှင့် သက်ဆိုင်ရာ ဥပဒေများ၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာ ခြင်း ရှိမရှိ စောင့်ကြည့်ကြပ်မတ်ရန်အတွက် ဒါရိုက်တာအဖွဲ့မှ လိုက်နာဆောင်ရွက်ရေးဆိုင်ရာ အရာရှိအား တာဝန် ပေးထားသည်။

To mitigate this increasing risk factor, TMH embraces a precautionary approach:

- The company has reinforced its due diligence process to assess the potential consequences of its operations.
- The Board reviews new and ongoing projects.

Furthermore, TMH works with various service providers to monitor any change in the regulatory framework that may impact its operations and activities.

TMH has a compliance officer who was tasked by the Board with implementing its Code of Conduct and ensuring the Company's compliance with relevant laws and standards.





# MANAGING OUR RISKS

## လုံခြုံရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

## Health, Safety & Security

### Risk Factor

- ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများမှ ဆက်သွယ်ရေး တာဝါတိုင်များကို ပြုပြင်ထိန်းသိမ်းခြင်း လုပ်ဆောင်ရမည့်နေရာဒေသများတွင် ဆူပူမှုများနှင့် ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များ မကြာခဏ ဖြစ်ပွားခြင်းသည် ကျွန်ုပ်တို့အတွက် အလွန်ပင် စိုးရိမ်ရသော ကိစ္စရပ်ပင် ဖြစ်ပါသည်။

- Violent and more frequent conflicts are a serious concern, especially in the areas where our employees and contractors may have to work to maintain telecom towers.

### Approach

ဝန်ထမ်းများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးသည် အရေးအကြီးဆုံးဖြစ်ပြီး ညှိနှိုင်း၍ မရနိုင်သည့် ကိစ္စဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေကို အကဲဖြတ်ရန် သက်ဆိုင်ရာ ဌာနများနှင့် ဝယ်ယူသူများ ပါဝင်သော တွေ့ဆုံညှိနှိုင်းဆောင်ရွက်သည်။ အကယ်၍ လုပ်ငန်းခွင် အခြေအနေသည် လုံခြုံမှုမရှိပါက TMH သည် ဝန်ထမ်းများနှင့် ကန်ထရိုက်တာများ၏ လုံခြုံရေး အတွက် လုပ်ငန်းများကို ရပ်ဆိုင်းရန် ဆုံးဖြတ် နိုင်သည်။

TMH အနေဖြင့် ဝန်ထမ်းများ နှင့် စီးပွားရေး မိတ်ဖက်များအား နိုင်ငံအတွင်း ခရီးသွားလာရာတွင် ဘေးအန္တရာယ် ကင်းရှင်းကြောင်း သေချာစေရန် ဝန်ဆောင်မှု သုံးစွဲသူများနှင့် ပုံမှန် ဆက်သွယ်ဆွေးနွေးမှုများ ရှိသည်။

ကျွန်ုပ်တို့၏ ဝန်ထမ်းများ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် လိုအပ်သော အခြေအနေတွင် ဘေးအန္တရာယ် ကင်းရှင်းမှု သေချာစေရန် အတွက် လိုအပ်သော စာရွက်စာတမ်း များကိုလည်း ပံ့ပိုးပေးပါသည်။

ကျွန်ုပ်တို့၏ ရှင်းလင်းသော မူဝါဒသည် ဝန်ထမ်းများနှင့် ကန်ထရိုက်တာများ၏ အသက်အန္တရာယ် စွန့်စားခြင်း ကိစ္စရပ်များကို ခွင့်ပြုမည် မဟုတ်ပါ။

The safety and security of our employees are paramount and non-negotiable.

Meetings involving various departments and TMH's clients are organised to assess the situation. When working conditions are not safe, TMH can decide to stop its operations to guarantee the security of our employees and contractors.

Our teams regularly engage with our clients to ensure that it is safe for our people and partners to travel across the country to perform their duties.

We also provide the necessary documents to safeguard our employees when they are on duty.

Our policy is clear: we will never risk the lives of our staff and contractors.





# MANAGING OUR RISKS

## ဘဏ္ဍာရေး

## Finances

**Risk Factor**

- ငွေကြေး ဆိုင်ရာ အကဲဖြတ်မှု သည် မြန်မာနိုင်ငံရှိ အဖွဲ့အစည်း အားလုံးအတွက် ပိုမိုခက်ခဲရှုပ်ထွေးလျက်ရှိသည်။
- ငွေကြေးလဲလှယ်နှုန်းများ မြင့်တက်လာခြင်းသည် လည်း ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲသည့် အခြေအနေတရပ်ပင် ဖြစ်ပါသည်။

- Access to cash is more complicated for all organisations operating in Myanmar.
- The extreme volatility of the exchange rate is difficult to handle.

**Approach**

ကုမ္ပဏီသည် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်။

- အဓိက ရောင်းသူများနှင့် စည်းကမ်းချက်များကို ညှိနှိုင်းဆွေးနွေးခြင်း
- ဝင်ငွေ ထွက်ငွေ စီးဆင်းမှုများကို တင်းကြပ်စွာ ထိန်းချုပ်ထားပြီး နိုင်ငံခြားငွေသုံးစွဲမှု ကို ကန့်သတ်ထားခြင်း
- မြန်မာပြည်တွင်းရှိ ရောင်းချသူများနှင့် ပိုမို ဆက်သွယ်ဆောင်ရွက်ပြီး မြန်မာကျပ်ငွေကို ပိုမိုအသုံးပြုခြင်း

The Company has decided to:

- Engage with its key suppliers to negotiate terms and conditions
- Control its cash flows strictly to limit outflows relative to inflows, and limit its exposure to foreign currencies to the bare minimum.
- Work as much as possible with Myanmar suppliers and transact with them in Myanmar kyat.

## ပစ္စည်းထောက်ပံ့ပို့ဆောင်ရေး

## Supply chain

**Risk Factor**

- လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းကြောင့် ကုန်စည် စီးဆင်းမှုနှင့် ဝန်ထမ်းများ၏ သွားလာမှုများ ကြန့်ကြာနိုင်သဖြင့် အချိန်မီ ရောက်ရှိစေရန် သင့်တင့်သော ကုန်စည်နှင့် ဝန်ဆောင်မှု အရင်းအမြစ်များကို ဝယ်ယူ အသုံးပြုခြင်း။

- Sourcing the right goods and services and ensuring their delivery on time, as the flow of goods and people has been disrupted by the ongoing crisis.

**Approach**

ကျွန်ုပ်တို့၏ ဝယ်ယူရေးနှင့် လုပ်ငန်းဆောင်ရွက်မှု အဖွဲ့တို့သည် ကုန်လက်ကျန်များကို တိုးမြှင့်ထားပြီး အစားထိုး ကုန်စည်ကို အသုံးပြုနိုင်ရန်အတွက် ရောင်းချသူများ ရှာဖွေနိုင်ရာတွင် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

အနှောင့်အယှက် ဖြစ်နိုင်သော ဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ရန်နှင့် ငွေကြေးလဲလှယ်နှုန်းဆိုင်ရာ အပြောင်းအလဲများကို ရှောင်ရှားရန်အတွက် မြန်မာနိုင်ငံရှိရောင်းချသူများထံမှ ဦးစားပေး ဝယ်ယူခဲ့သည်။

Our procurement and operations team work closely together to optimise our inventory and diversify our portfolio of suppliers to find alternatives wherever possible.

We prioritise our sourcing from Myanmar suppliers to reduce disruption risks and avoid any exposure to exchange rate fluctuation.

# Business ethics

## Principles

ကျွန်ုပ်တို့၏ ကျင့်ဝတ်ဆိုင်ရာ မူဘောင်များ သတ်မှတ်ရာတွင် ကော်ပိုရိတ် ယဉ်ကျေးမှု၏ အခြေခံဖြစ်သော စံတန်ဖိုးများပေါ်တွင် မူတည်သည်။ ကျွန်ုပ်တို့သည် The Universal Declaration of Human Rights နှင့် အခြေခံ ILO Conventions ပါ အချက် (၈) ချက်တို့ကို ကျင့်သုံးလျက်ရှိသည်။ ထို့အပြင် ကျွန်ုပ်တို့သည် အဂတိလိုက်စားခြင်း၊ ခွဲခြား ဆက်ဆံခြင်း၊ ကလေးလုပ်သားနှင့် အဓမ္မခိုင်းစေမှုနှင့် ပတ်သက်သော ကိစ္စရပ်များနှင့် ပတ်သက်၍ လုံးဝသည်းခံမည် မဟုတ်ပါ။

Our ethics framework relies on our values, which are the cornerstone of our corporate culture. We also embrace the Universal Declaration of Human Rights and the eight fundamental ILO Conventions; we have a zero-tolerance approach to corruption, discrimination, and child and forced labour.

## Policies

ဒါရိုက်တာအဖွဲ့မှ ၂၀၂၀ ခုနှစ်တွင် အတည်ပြုခဲ့သော ကျွန်ုပ်တို့၏ ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းသည် Business Integrity Myanmar (BIM) မှ အကြံပြုချက်များနှင့် ကိုက်ညီပါသည်။ ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းမျဉ်းတွင် လက်ဆောင်ပေးခြင်း၊ လှူဒါန်းမှုများ၊ အစိုးရဝန်ထမ်းများနှင့် ပတ်သက်နေခြင်း၊ အကျိုး စီးပွားဆိုင်ရာ ပဋိပက္ခများ၊ အစရှိသည့် အကြောင်းအရာများနှင့် ပတ်သက်၍ မည်ကဲ့သို့ စီမံခန့်ခွဲသင့်ကြောင်း ရှင်းလင်းသော လမ်းညွှန်မှုများ ဖော်ပြထားသည်။ ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းမျဉ်းကို ကျွန်ုပ်တို့၏ ဝဘ်ဆိုက်ပေါ်တွင် ကြည့်ရှုနိုင်ပါသည်။

TMH ကုမ္ပဏီအနေနှင့် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ လုံးဝ လက်မခံသောမူကို ကျင့်သုံးပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ကန်ထရိုက်တာများနှင့် ကုမ္ပဏီနှင့် ပတ်သက်ဆက်နွှယ်နေသူများကိုလည်း မသင်္ကာဖွယ် အပြု အမူများကို တွေ့ရှိပါက တိုင်ကြားရန် အားပေးထားသည်။ TMH သည် ကုမ္ပဏီ၏ ကောင်းကျိုးကို မျှော်ကိုးသော တိုင်ကြားချက်များနှင့် တိုင်ကြားသူများအား လက်တုံ့ပြန်မှု များမှ အမြဲတစေ ကာကွယ်ပေးသွားမည်ဖြစ်သည်။ ဒါရိုက်တာအဖွဲ့မှလည်း ကျွန်ုပ်တို့၏ လိုက်နာ ဆောင်ရွက်ရေးဆိုင်ရာ အရာရှိအား ကုမ္ပဏီအတွင်း ကျင့်ဝတ်စည်းမျဉ်းအား အကောင်အထည်ဖော် ချမှတ်မှု ကို သေချာစွာ စောင့်ကြည့်ကြပ်မတ်စေသည်။

Approved by the Board in 2020, our Code of Conduct is aligned with the recommendations made by Business Integrity Myanmar (BIM). It provides clear guidance on how to deal with sensitive topics such as gifts, donations, relationships with public officials, conflicts of interest, etc. Our Code of Conduct is available on our website.

TMH has a zero-tolerance approach to corruption. We encourage all our staff, contractors, and stakeholders to report any suspected misconduct. TMH will always protect reporters from retaliation when reports are made in good faith. The Board has also tasked our compliance officer with monitoring its implementation.

> “ကျွန်ုပ်တို့၏ ကျင့်ဝတ်ဆိုင်ရာ မူဘောင်များ သတ်မှတ်ရာတွင် ကော်ပိုရိတ် ယဉ်ကျေးမှု၏ အခြေခံဖြစ်သော စံတန်ဖိုးများပေါ်တွင် မူတည်သည်။”

## Results

ပြီးခဲ့သောနှစ်က လိမ်လည်မှုတစ်ခုအား ရှာဖွေဖော်ထုတ်ခဲ့သည်။ တစ်ကြိမ်တွင် ကျွန်ုပ်တို့သည် ငွေဖြည့်ကတ်ရောင်းချမှုမှ ရရှိသည့် ဝင်ငွေများ ဆက်လက်ရရှိရန်လိုအပ်နေသေးသည်ကို သတိပြုမိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အချို့သောဝန်ထမ်းများသည် ဘဏ်များပိတ်ထားခြင်းကို အခွင့်ကောင်းယူ၍ ထိုငွေကြေးများကိုအလွဲသုံးစားလုပ်နေကြကြောင်း သိရှိခဲ့ရပါသည်။ စည်းကမ်းထိန်းသိမ်းရေးနှင့်ဘဏ္ဍာရေးအဖွဲ့များ၏ အကူအညီဖြင့်ဌာနတွင်းစာရင်းစစ်အဖွဲ့မှ ဦးဆောင်သော စုံစမ်းစစ်ဆေးမှုအပြီးတွင် ဤအလွဲသုံးစားလုပ်မှုကို ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဒါရိုက်တာအဖွဲ့ကို အကြောင်းကြားပြီး ပျောက်ဆုံးနေသည့် ငွေပမာဏအားလုံးကိုပြန်လည်ရယူရန် အတွက် တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် ကုန်လက်ကျန်စာရင်းများကို စောင့်ကြည့်စစ်ဆေးရန်နှင့် ကျင့်ဝတ်စည်းမျဉ်းချိုးဖောက်မှုများကို ကာကွယ်ရန် ကုမ္ပဏီအတွင်းကြီးကြပ်ထိန်းသိမ်းမှုကို ပိုမိုအားဖြည့်ထားသည်။

We identified one case of fraud last year. At one point, we noticed that we were yet to receive the proceeds of top-up card sales in northern Shan State and realised that some of our people were taking advantage of the closure of the banks to misappropriate these funds. We uncovered this embezzlement after a thorough investigation led by our internal audit team, with the support of our compliance and finance teams. We informed our Board regularly and we are doing everything we can to recover all the missing funds. Furthermore, we have reinforced our internal controls to monitor our inventory and prevent breaches of our Code of Conduct.

## ကျွန်ုပ်တို့၏ စံတန်ဖိုးများ

## Our values



လေးစားမှု
**Respect**



ရိုးသားမှု
**Honesty**



ယုံကြည်မှု
**Trust**



စဉ်ဆက်မပြတ်
လေ့လာသင်ယူမှု

**Continuous learning**



တာဝန်ခံမှုနှင့်
ယုံကြည်စိတ်ချရမှု

**Accountability & Reliability**



ပွင့်လင်းမြင်သာရှိမှု
**Transparency**


YANGON
STOCK EXCHANGE
LISTING ON YSX
TMH Telecom Public Co. Ltd.
TMH
ON THE DAY OF LISTING
26 JANUARY 2018
YSX
SECM
YSX Listed Company Award
TMH
"First Listed Company with IPO"
TMH
B
Corporate
Governance
Safeguarding the
sustainability of our business
model is crucial
3
Owners of
BTS
Users of
optical fibre
services
Users of
MPT mobile
phone
REVENUE
TMH



# PERFORMANCE REVIEW

**PAGE 38 - 66**

# People

## *Highlights*

- ၂၀၂၃ ခုနှစ် မတ်လ၌ ကျွန်ုပ်တို့ TMH ကုမ္ပဏီတွင် ဝန်ထမ်းဦးရေ ၂၇၃ ဦးရှိခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လကုန် တွင် ဝန်ထမ်းဦးရေ ၂၅၀ ဦးနှင့် ခိုင်မာစွာ ဖွဲ့စည်းထားပါသည်။
- TMH အနေဖြင့် ဝန်ထမ်းလျှော့ချခြင်း မရှိခဲ့သော်လည်း ကျွန်ုပ်တို့၏ လူငယ်ဝန်ထမ်း ၇၈ ဦးသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ နောက်ပိုင်းတွင် ကုမ္ပဏီမှ ထွက်ခွာခဲ့ကြသည်။
- ဝန်ထမ်းများ၏ ၄၈ ရာခိုင်နှုန်းမှာ အင်ဂျင်နီယာများဖြစ်ကြပြီး ၎င်းတို့၏ ကျွမ်းကျင်မှုကို အရင်းတည်၍ ကျွန်ုပ်တို့၏ ဖောက်သည်များ အတွက် တန်ဖိုးရှိသော ဝန်ဆောင်မှုများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။
- လက်ရှိဘဏ္ဍာရေးနှစ်အကုန်တွင် ဝန်ထမ်းများ၏ ၂၉ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပြီး ယခင်နှစ်၏ ၂၇ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ် တိုးတက်လာပါသည်။
- ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်း လုံခြုံရေးတို့မှာ ကျွန်ုပ်တို့၏ ပထမ ဦးစားပေးပင် ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော အခြေအနေများ၌ ကျွန်ုပ်တို့သည် အကျိုးအမြတ်ထက် ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးကိုသာ အမြဲ ဦးစားပေးပါသည်။
- သို့ရာတွင် ၂၀၂၃ ခုနှစ် အတွင်း ကျွန်ုပ်တို့၏ ဝန်ထမ်းတဦး ပြင်းထန်စွာ ထိခိုက်ဒါဏ်ရာရမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်အတွက် ဆေးကုသမှု ကုန်ကျစရိတ်အားလုံးကို TMH ကုမ္ပဏီမှ တာဝန်ယူခဲ့ပြီး ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား အဆင့်မြှင့်တင်ရန် ဆုံးဖြတ်ခဲ့သည်။ အကျိုးဆက်အားဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ်ပါက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီမှ ဝန်ထမ်းဦးရေ ငါးဆနီးပါးကို ပိုမိုလေ့ကျင့်ပေးနိုင်ခဲ့သည်။
- At the end of March 2024, we had a strong team of 250 staff, compared to 273 staff in March 2023.
- TMH did not terminate any staff, but 78 employees, mostly our youngest, decided to leave us, mainly after February 2024.
- 48% of our staff are engineers, and we can rely on their expertise to deliver value for our clients.
- At the end of the last financial year,29% of our staff were women, a slight increase from the previous year, when we had 27% women in our headcount.
- Our staff's health, safety and security are our top priority. When our employees operate in conflict-affected areas, we always prioritise their well-being over profits.
- Unfortunately, we recorded an accident that seriously affected the health of one of our employees. TMH covered all his medical expenses and is committed to improving its safety performance. As a result, we trained almost five times more people in FY 23/24 than in  FY22/23.

**Breakdown of TMH's workforce**




**Evolution of TMH's workforce**



## ဖွဲ့စည်းပုံ နှင့် မူဝါဒများ

ကျွန်ုပ်တို့၏ HR ဌာနသည် လုပ်သားအင်အားကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး အတွက် စည်းမျဉ်းများ သတ်မှတ်ပြဋ္ဌာန်းရန် တာဝန်ရှိပါသည်။

HR ဌာနသည် TMH ကုမ္ပဏီအနေဖြင့် ဝန်ထမ်းနှင့်ပတ်သက်သည့် ဥပဒေများ အားလုံးကို လိုက်နာဆောင်ရွက်ရာတွင် သေချာစေရန် လုပ်ဆောင်ပေးသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့၏ ဝန်ထမ်းအားလုံးသည် အလုပ်သမားရေးရာဌာနတွင် မှတ်ပုံတင်ထားပြီး၊ SSB ကဒ်များ ရှိကြသည်။ စည်းမျဉ်းများနှင့် ကိုက်ညီမှုအား သေချာစေရန် HR ဌာနသည် နှစ်စဉ် ဝန်ထမ်း စည်းမျဉ်းလက်စွဲစာအုပ်ကို ပြန်လည် စီစစ်လေ့ရှိသည်။ လက်စွဲစာအုပ်ကို ဝန်ထမ်းများအားလုံးသို့ ဖြန့်ဝေပေးထားပြီး ၎င်းတို့၏ ရပိုင်ခွင့်များနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ လမ်းညွှန်ထားသည်။ တစ်စုံတစ်ရာ သိလိုသည်များရှိပါက HR ဌာနသို့ ဆက်သွယ်ရန်လည်း အားပေး၊ တိုက်တွန်း ထားပါသည်

TMH အနေဖြင့် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းမူဝါဒတွင် ဖော်ပြထားသည့်အတိုင်း မည်သည့်ခွဲခြားဆက်ဆံမှုကိုမှ ခွင့်ပြုမည် မဟုတ်ပဲ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပေါ်တွင်သာ အကဲဖြတ်၍ အသိအမှတ်ပြုသော မျှတသည့်၊ တာဝန်ယူမှုရှိသည့် လုပ်ငန်းရှင်ဖြစ်ရန် ရည်ရွယ်ပါသည်။

## Organisations and policies

Our HR department is responsible for defining and enforcing the rules for managing our workforce effectively.

They also ensure that TMH complies with all relevant labour laws. For instance, all our employees are registered with the Labour Office and have their SSB cards. To do so, the department revises our Employee Handbook every year. This document is shared and distributed to our employees, giving them clear guidance about their rights and duties. They are all encouraged to contact the HR department with any questions.

TMH aims to act as a responsible employer where performance is rewarded. As detailed in our Code of Conduct, we do not tolerate any form of discrimination.

## ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ နည်းစနစ်များကို ထပ်ဆင့်ခိုင်မာစေခြင်း

ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးသည် ကျွန်ုပ်တို့၏ အရေးအကြီးဆုံး ဦးစားပေးမှု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပဋိပက္ခဖြစ်ပွားလျက်ရှိသော နေရာဒေသများ၌ လုပ်ငန်းလုပ်ကိုင်ရခြင်းလည်း ရှိနိုင်သောကြောင့် TMH ၏ ဒါရိုက်တာ အဖွဲ့ဝင်များနှင့် အကြီးတန်း စီမံရေးရာ ပုဂ္ဂိုလ်များသည် ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်သော ကိစ္စရပ်များကို စဉ်ဆက်မပြတ် လေ့လာဆွေးနွေးတိုင်ပင်ကြပါသည်။

ဤသို့သော အခြေအနေမျိုးတွင် TMH သည် အကျိုးသက်ဆိုင်သူအားလုံးနှင့် ချိတ်ဆက်ပြီး လိုအပ်သည့်သတင်းအချက်အလက်များ စုစည်းခြင်း၊ ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များကို အကဲဖြတ်ခြင်း၊ အန္တရာယ်များကို လျှော့ချနိုင်ရန် နည်းလမ်းများ ဆွေးနွေးတိုင်ပင်ခြင်းနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေပေါ် မူတည်၍ ရေးဆွဲခြင်း အစရှိသည်တို့ကို လုပ်ဆောင် ပါသည်။ ထိရှလွယ်သော ဒေသတခုခုတွင် လုပ်ငန်း ဆောင်ရွက်ရန် လိုအပ်လာတိုင်း ကျွန်ုပ်တို့သည် သက်ဆိုင်ရာ အဖွဲ့အစည်း လူပုဂ္ဂိုလ်များကို ကြိုတင် အသိပေးဆက်သွယ်၍ ဝန်ထမ်းများအား လိုအပ်သည့် စာရွက်စာတမ်းများနှင့် ခွင့်ပြုချက်များ

## Reinforcing our HSE approach

Ensuring the security and safety of our staff is our utmost priority. TMH's Board and top management regularly discuss our approach and efforts on this topic, as we can operate in areas impacted by multiple conflicts.

When this is the case, TMH engages with all necessary stakeholders to collect information, assess potential risks, discuss mitigation measures, and plan our operations accordingly. Before performing any business activity in a sensitive area, we inform all parties concerned and provide them with all necessary documents and authorisations. We will also remind our staff to be careful with their ID documents and mobile phones or to ensure they carry documents detailing the nature of their work to ensure their safety. As a rule, we will never ask people to perform any work if they do not feel safe,

အားလုံးကိုလည်း ထောက်ပံ့ပေးပါသည်။ ဝန်ထမ်းများ၏ လုံခြုံရေးအတွက် လုပ်ငန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများ၊ မှတ်ပုံတင်နှင့် မိုဘိုင်းလ်ဖုန်းများကို လုပ်ငန်းဆောင်ရွက်ချိန် အတွင်း သတိပြု သယ်ဆောင်ရန်အသိပေးနှိုးဆော်ထားသည်။ စည်းကမ်းတရပ် အနေဖြင့် ကျွန်ုပ်တို့သည် မည်သူတဦးတယောက်ကိုမျှ ၎င်းတို့အနေဖြင့် လုံခြုံမှုမရှိဟု ခံစားရသော အခြေအနေတွင် တာဝန်ထမ်းဆောင်ရန် အတင်းအကြပ်တောင်းဆိုမည် မဟုတ်ပဲ ၎င်းတို့၏ သဘောတူညီချက်ကို အစဉ်အမြဲဦးစွာ ရယူပြီးမှသာ လုပ်ဆောင်စေပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နာရီပေါင်း ၁,၀၀၀,၀၀၀ လျှင် မတော်တဆမှု ၂.၄ ခုနှုန်းရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ မတော်တဆမှု ၄.၅ ခုနှုန်း နှင့်နှိုင်းယှဉ်ပါက ကျဆင်းသွားခြင်း ဖြစ်သည်။ သို့ရာတွင် ၂၀၂၃ ခုနှစ် ဧပြီလ၌ တာဝါတိုင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်တွင် ကျွန်ုပ်တို့၏ အင်ဂျင်နီယာတစ်ဦးမှ ခြေချော်ကျမှု ဖြစ်ပေါ်ခဲ့ပြီး ပြင်းထန်ဒါဏ်ရာရမှုတခုကို မှတ်တမ်းတင်ခဲ့ရပါသည်။ အဆိုပါ ဖြစ်စဉ်တွင် ဝန်ထမ်းမှ လိုအပ်သော ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင်ထားခဲ့သော်လည်း ကျောရိုးဒဏ်ရာရရှိခဲ့ပြီး လမ်းမလျှောက်နိုင်သည်အထိ ထိခိုက်ခဲ့သည်။ ကုမ္ပဏီသည် ၎င်း၏ ဆေးဝါးကုသမှုစရိတ်အားလုံးနှင့် နေထိုင်စရိတ်များကို လွှမ်းခဲ့သော တစ်နှစ်ပတ်လုံး ပံ့ပိုးပေးခဲ့သည်။ ထပ်ဆင့်၍ ဘေးကင်းလုံခြုံရေးဆိုင်ရာ နည်းစနစ်များကို အဆင့်မြှင့်တင်ရန်အတွက် ကုမ္ပဏီသည် HSE မန်နေဂျာ အသစ်တဦးကို ခန့်ထားခဲ့ပြီး မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် လေ့ကျင့်မှုနှင့် သင်တန်းများကို ကြီးကြပ်ရန် တာဝန်ပေးအပ်ခဲ့သည်။

and we always seek their consent first.

In FY23/24, our frequency rate was 2.4 accidents per 1,000,000 hours worked compared to 4.5 in FY22/23. Unfortunately, we recorded one severe accident in April 2023 during the maintenance of a telecom tower: one of our engineers suffered a fall. Despite wearing all the necessary protective equipment, he sustained a spinal injury, and as a result, he was left unable to walk. TMH covered his medical expenses throughout the financial year and provided him with an allowance to cover his living expenses. Finally, to enhance its approach to safety, TMH hired a new manager in charge of health and safety, who will review and update our policy, procedures, and training.

"စည်းကမ်းတရပ် အနေဖြင့် ကျွန်ုပ်တို့သည် မည်သူတဦးတယောက်ကိုမျှ ၎င်းတို့အနေဖြင့် လုံခြုံမှုမရှိဟု ခံစားရသော အခြေအနေတွင် တာဝန်ထမ်းဆောင်ရန် အတင်းအကြပ် တောင်းဆိုမည် မဟုတ်ပဲ ၎င်းတို့၏ သဘောတူညီချက်ကို အစဉ်အမြဲဦးစွာ ရယူပြီးမှသာ လုပ်ဆောင်စေပါသည်။

## Evolution of our safety performance



## လုပ်ငန်းခွင် အခြေအနေများ တိုးတက်စေခြင်း

TMH သည် ရှုပ်ထွေးသော စီမံကိန်းများ အချိန်မီ ပြီးစီးနိုင်ရန် အတွက် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုကို အားပြုရသည့် အားလျော်စွာ ဝန်ထမ်းများအား ရေရှည်ထိန်းထားနိုင်ရေးသည် ကုမ္ပဏီအတွက် အရေးပါသော ကိစ္စရပ် တခု ဖြစ်သည်။ တနည်းအားဖြင့် ကျွန်ုပ်တို့သည် ကျွမ်းကျင်၍၊ အရည်အချင်းရှိပြီး စိတ်အားထက်သန်သော ဝန်ထမ်းများကို အဆုံးရှုံးမခံနိုင်ပေ။ သို့ရာတွင် အလုပ်ထွက်နှုန်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၁၇ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၃၀ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။ ဝန်ထမ်းများကို ဆက်လက်ထိန်းထားနိုင်ရန် အတွက် ကျွန်ုပ်တို့သည် ၎င်းတို့အား ကောင်းမွန်သော လုပ်ငန်းခွင် အနေအထားနှင့် ကျေနပ်ဖွယ် အကျိုးရလဒ်ကို ပေးနိုင်ရန် လိုအပ်သည်။ ဤလိုအပ်ချက်များကို ပြည့်မီစေရန် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း TMH သည် ဝန်ထမ်းများ၏ ရပိုင်ခွင့်များကို ပြန်လည် စီစစ်၍ အောက်ပါ တို့ကို ပြင်ဆင်ခဲ့သည် -

- ကိုဗစ် ၁၉ မတိုင်ခင်က ပေးခဲ့သော ထောက်ပံ့ကြေးငွေများ ပြန်လည်ပေးအပ်ခဲ့သည်။
- ခရီးသွားစရိတ်ကို တိုးမြှင့်ခဲ့ပြီး ၎င်းတို့၏တာဝန်များကိုထမ်းဆောင်ရန် အတွက် မြို့ပြင်သို့ထွက်ခွာရန် လိုအပ်သော ဝန်ထမ်းများအားလုံးအတွက် တည်းခိုစရိတ်များ ပေးအပ်ခဲ့သည်။
- မြန်မာငွေကျပ် ၁၃ သန်းဖိုး ဆန်၊ ဆီနှင့် ကြက်ဥတို့ကို ဝန်ထမ်းများကို မျှဝေခဲ့ပြီး အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲတို့အတွက် နေ့လည်စာ၊ ညနေစာ စရိတ်များ ပေးအပ်ခဲ့သည်၊

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် TMH သည် စုစုပေါင်း မြန်မာငွေကျပ် ၆၀၁ သန်း ကို လူသားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များ အတွက် သုံးစွဲခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထက် ၁၀ ရာခိုင်နှုန်း ပိုမိုသုံးစွဲခဲ့သည်။

ကျွန်ုပ်တို့၏ TMH တွင် ဝန်ထမ်းများကို ၎င်းတို့၏ စွမ်းဆောင်ရည် အပေါ်သာ မူတည်၍ ဆုချီးမြှင့်ခြင်းနှင့် ရာထူးပေးအပ်ခြင်းတို့ကို ပြုလုပ်သည်။ ယမန်နှစ်အတွင်း ဝန်ထမ်း ၁၅ ဦးကို ရာထူးတိုးမြှင့် ပေးခဲ့ပြီး ၃၃ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်။ အကြီးတန်းစီမံရေးရာ အဖွဲ့သည် တစ်နှစ်စာ အတွက် ဝင်ငွေမျှော်မှန်းချက် သတ်မှတ်ခဲ့ပြီး၊ မျှော်မှန်းချက်ကို ပြည့်မီပါက ဝန်ထမ်းများ အားလုံး လာမည့်နှစ်တွင် အပိုဆုကြေးရရှိကြမည် ဖြစ်သည်။ ထို့အပြင် HR ဌာနသည် နှစ်စဉ်လစာနှုန်းထားများကို ပြန်လည် စီစစ်၍ TMH မှ ပေးအပ်သော အကျိုးခံစားခွင့်များမှာ အခြားလုပ်ငန်းများနှင့်

## Improving our working conditions

Staff retention is becoming critical. TMH relies on our employees' expertise to deliver complex projects on time. In other words, we cannot afford to lose qualified, competent, and motivated people. Unfortunately, the turnover rate reached 30% in FY23/24 compared to 17% in FY22/23.

To retain our staff, we must ensure that we offer them good working conditions and rewarding compensation. To this end, during the last financial year, TMH revised some of the benefits it provides to its staff:

- We restored the previous compensation packages our staff enjoyed before the COVID-19 pandemic.
- We increased the amount of our travel allowance and covered accommodation costs for all staff who have to travel out of town to perform their duties.
- We allocated MMK 13 million to distribute rice, cooking oil and eggs to our staff. We also arranged lunches and dinners to celebrate special occasions.

As a result, TMH spent a total of MMK 601 million on its HR costs in FY23/24, a 10% increase compared to FY22/23.

At TMH, we reward and promote people based on their performance. Last year, we promoted 15 employees, 33% of whom were women. The top management has decided to set new income targets, and if they are met, all staff will be entitled to receive a bonus next year. Furthermore, the HR team annually revises salaries, if needed, to ensure that TMH's compensation remains competitive. Salary increments are announced in April.

Finally, some of our staff have been concerned about returning home lately. Therefore, we decided to adjust our operating hours: employees are free to leave their office at 4:00 p.m. This was very much welcomed by our employees, who felt acknowledged and supported by the Company.

ယှဉ်ပြိုင်နိုင်ခြင်း ရှိကြောင်း သေချာစေသည်။ လစာတိုးမြှင့်ခြင်းကို ဧပြီလတွင် ကြေညာသည်။

ဝန်ထမ်းအချို့သည် အိမ်ပြန်ချိန် နောက်ကျခြင်းနှင့် ပတ်သက်သော စိတ်ပူပန်မှုများ ရှိနေခြင်းကြောင့် ကျွန်ုပ်တို့သည် ရုံးဆင်းချိန်ကို ညနေ ၄ နာရီသို့ ပြောင်းရွှေ့ပေးခဲ့သည်။ ဤသို့ ညှိနှိုင်းပေးခြင်းကို ကုမ္ပဏီ၏ ဝန်ထမ်းများ အပေါ် အသိအမှတ်ပြု ပံ့ပိုးပေးခြင်းအဖြစ် ဝန်ထမ်းများမှ အထူးကြိုဆိုခဲ့ကြသည်။

> “TMH သည် ရှုပ်ထွေးသော စီမံကိန်းများ အချိန်မှီ ပြီးစီးနိုင်ရန် အတွက် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုကို အားပြုရသည့် အားသျှော်စွာ ဝန်ထမ်းများအား ရေရှည်ထိန်းထားနိုင်ရေး သည် ကုမ္ပဏီအတွက် အရေးပါသော ကိစ္စရပ် တခု ဖြစ်သည်။”

## အကြံပြုချက်များကို ကြိုဆိုခြင်းနှင့် လူမှုရေးရာ ပြောဆိုမှု အမူအကျင့်များ ပျိုးထောင်ခြင်း

ကျွန်ုပ်တို့၏ TMH ကုမ္ပဏီတွင် ဝန်ထမ်းများသည် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို လွတ်လပ်စွာ ပြောဆိုနိုင်သည်။ ဝန်ထမ်းများသည် ဝန်ထမ်းကိုယ်စားလှယ်မှ တဆင့် HR ဌာနနှင့် ဖြစ်စေ၊ လိုအပ်ပါက ဒါရိုက်တာအဖွဲ့နှင့် ဖြစ်စေ ဆက်သွယ်ပြောဆိုနိုင်သည်။

## Welcoming feedback and fostering social dialogue

At TMH, employees can freely share their concerns. The Company has an employee representative who can, if and when appropriate, engage with the HR team and even with the Board to speak up on behalf of employees.



## ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ တည်ဆောက်ခြင်း

ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်တာများသည် ရှုပ်ထွေးသော နည်းပညာနှင့်အဆင့်မြင့်ကျွမ်းကျင်မှုများ လိုအပ်ပါသည်။ နည်းပညာသည်လည်း လျင်မြန်စွာ တိုးတက် ပြောင်းလဲနေသဖြင့် ဝန်ထမ်းများ အမြဲတစေ အရည်အချင်းပြည့်မီနေစေရန် လေ့ကျင့် သင်ကြားမှုများကို အစဉ် ပြုလုပ်နေရန်လိုအပ်သည်။

ကျွန်ုပ်တို့သည် ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်ထက် လေ့ကျင့်သင်ကြားမှုစရိတ်ကို ငါးဆ မြှင့်တင် သုံးစွဲခဲ့သည်။ အကျိုးဆက်အားဖြင့် ကျွန်ုပ်တို့သည် ၂၀၂၂-၂၀၂၃ တွင် ဝန်ထမ်း စုစုပေါင်း၏ ၄ ရာခိုင်နှုန်းကိုသာ လေ့ကျင့်ပေးနိုင်ခဲ့ရာမှ ၂၀၂၃-၂၀၂၄ တွင်၂၀ ရာခိုင်နှုန်းအထိ လေ့ကျင့်ပေးနိုင်ခဲ့သည်။ ထို့အပြင်၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လေ့ကျင့်မှု နာရီ ၈၈ နာရီမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၄၅၀ နာရီသို့ တိုးမြှင့်ခဲ့သည်။

ပုံမှန် ဝန်ထမ်းသစ် လေ့ကျင့်မှုနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများ အပြင် TMH သည် စီမံခန့်ခွဲမှုအတွက် ဆက်သွယ်ပြောဆိုမှု အရည်အသွေး၊ ကုမ္ပဏီတစ်ခုလုံး၏ အလုံးစုံ စွမ်းဆောင်ရည် တိုးတက်ရန်နှင့် TMH အနေဖြင့် IFRS (အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအချက်အလက်များ အစီရင်ခံခြင်း စနစ်) ဖြင့် ဘဏ္ဍာရေးအစီရင်ခံစာများ ထုတ်ပြန်ရန် လိုအပ်သည့် အားလျော်စွာ IFRS စနစ်များ လေ့ကျင့် သင်ကြားစေခြင်းတို့ ပြုလုပ်သည်။

## Building the skills and competencies of our team

Our operations are technically complex and involve a high degree of expertise. Furthermore, technology evolves quickly, requiring us to train our staff regularly to ensure they are fully qualified and competent.

Last year, we resumed our training efforts: we spent five times more on training expenses in FY23/24 than in FY22/23. As a result, we trained 20% of our headcount (compared to 4% in FY22/23), and we increased the number of training hours provided to our people: we delivered 450 training hours in FY23/24, compared to 88 in FY22/23.

Besides regular onboarding training and additional safety efforts, TMH focused on two topics: management to improve communication and the company's overall efficiency, and IFRS, as TMH will have to produce financial statements aligned with this standard.

### Evaluation of our training efforts



# Society

TMH ကုမ္ပဏီသည် တာဝန်ယူမှုရှိသော ကော်ပိုရိတ်အဖွဲ့ဝင်တစ်ခု ဖြစ်ရန် ရည်ရွယ်သည်။ ကျွန်ုပ်တို့အနေဖြင့် ပြည်သူလူထုအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိခြင်း ဆိုသည်မှာ မြန်မာ့စီးပွားရေးကို ကူညီထောက်ပံ့ပေးပြီး ပတ်ဝန်းကျင်အပေါ် လုပ်ငန်းများ၏ သက်ရောက်မှုကိုလည်း တတ်နိုင်သမျှ လျှော့ချနိုင်ခြင်းကို ရည်ရွယ်ပါသည်။

TMH aims to be a responsible corporate citizen. We acknowledge our responsibility to society: we are doing our best to minimise the impacts of our activities on the environment while supporting Myanmar's economy.

## ထောက်ပံ့ရေးဆိုင်ရာများကို သေချာခိုင်မာစေခြင်း

TMH ကုမ္ပဏီသည် လုပ်ငန်းအပ်နှံသူများ၏ စီမံကိန်းများ အကောင်အထည်ဖော်ရန် အတွက် အမျိုးမျိုးသော ကုန်ပစ္စည်းတင်သွင်းသူများနှင့် ဝန်ဆောင်မှုပေးအပ်သူများပေါ်တွင် အားပြုရသည်။

ကျွန်ုပ်တို့၏ ဝယ်ယူရေးအဖွဲ့သည် မှန်ကန်သည့် ကုန်ပစ္စည်း အမျိုးအစားကို လိုအပ်သည့် အချိန်၊ ပမာဏနှင့် သတ်မှတ်ထားသည့် ရသုံးမှန်းခြေစာရင်းအတွင်း ဝယ်ယူရရှိနိုင်ရန် သက်ဆိုင်သော ကုန်ပစ္စည်းတင်သွင်းသူများကို ရွေးချယ်ချိတ်ဆက်ထားရန် တာဝန်ရှိသည်။ ကုန်ပစ္စည်းတင်သွင်းသူများ၏ အရည်အသွေး သေချာစေရန် ကျွန်ုပ်တို့၏ ဝယ်ယူရေးအဖွဲ့သည် ကုန်ပစ္စည်းပေးသွင်းနိုင်မှု ကြာချိန်၊ ရရှိနိုင်သော အရေအတွက်နှင့် အရည်အသွေး ရှုထောင့်မျိုးစုံပါဝင်သည့် အမှတ်ပေးစနစ်တစ်ခုကို သတ်မှတ်ထားသည်။ ကျွန်ုပ်တို့သည် ကုန်ပစ္စည်းတင်သွင်းသူများ၏ ဝန်ဆောင်မှု အရည်အသွေးကိုလည်း အကဲဖြတ်၍ အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် ၎င်းတို့၏ စွမ်းဆောင်ရည်ကို စောင့်ကြည့် စီစစ်သည်။ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သော ကိစ္စရပ်များ တွေ့ရှိပါက ပြန်လည်အစီရင်ခံခြင်းကို ဆောင်ရွက်စေပါသည်။

ကျွန်ုပ်တို့သည် အထူးကိစ္စရပ်များကို လုပ်ဆောင်ရန် လိုအပ်ပါက ပြည်ပ ကုန်ပစ္စည်းတင်သွင်းသူများနှင့် ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပြည်ပတင်သွင်းရန် ကိစ္စရပ်များ အတွက် TMH အနေဖြင့် လိုအပ်သော သွင်းကုန်လိုင်စင်ကို ရရှိရန် ၁၂ လ ခန့်ကြာမြင့်တတ်ခြင်းနှင့် နိုင်ငံခြား ဝင်ငွေ ရရှိနိုင်မှု အကန့်အသတ် ရှိခြင်း စသည့် စိန်ခေါ်မှုနှစ်ခုကိုရင်ဆိုင်ကြုံတွေ့ရတတ်သည်။ ဤသို့ ကြုံတွေ့ရပါက ကျွန်ုပ်တို့၏ စီမံကိန်းများ အချိန်မှီပြီးစီးမှုကို နှောင့်နှေးစေတတ်ပြီး လာမည့်လများအတွင်း ယင်းစိန်ခေါ်မှုများကို ပိုမိုကြုံတွေ့လာနိုင်ချေ ရှိသည်ဟု ခန့်မှန်းထားသည်။

## Welcoming feedback and fostering social dialogue

TMH relies on various suppliers and service providers to deliver projects to our clients.

Our procurement team is responsible for selecting relevant suppliers to ensure we can source all the right components on time and within budget. To ensure the quality of these suppliers' work, our procurement team has defined a scorecard covering various dimensions, such as their ability to deliver on time, quantity, and quality. We also assess their quality of service. We monitor their overall performance at least twice per year. If areas of improvement are identified, we brief them.

To perform specific operations, we may need to engage with foreign suppliers. TMH is impacted on two fronts: first, we need up to 12 months to get all the necessary import licenses, and second, our ability to access foreign currency is minimal. This hinders our ability to deliver our projects on time, and we expect further deteriorations in the coming months.

To minimize these risks, we anticipate our procurement as much as possible and source and procure goods and services from Myanmar companies. In FY 23/24, 42% of our expenditure was on foreign suppliers, mainly from China.

ထိုသို့သော ဆုံးရှုံးနိုင်ခြေကို လျော့ချနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ဝယ်ယူရန် လိုအပ်ချက်များကို တတ်နိုင်သမျှ ကြိုတင်တွက်ဆ၍ ရနိုင်သမျှ မြန်မာပြည်တွင်း လုပ်ငန်းများမှသာ ကုန်စည်နှင့် ဝန်ဆောင်မှုကို ဝယ်ယူပါသည်။ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် အတွင်း ကျွန်ုပ်တို့၏ ၄၂ ရာခိုင်နှုန်းသော အသုံးစရိတ်သည် ပြည်ပကုန်ပစ္စည်းတင်သွင်းသူများ ဖြစ်ပြီး တရုတ်နိုင်ငံမှ အဓိက ဝယ်ယူတင်သွင်းခဲ့ပါသည်။

> “ဆက်သွယ်ရေးကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တိုက်ရိုက် သက်ရောက်မှုသည် များစွာ မရှိလှပါ။”

## ဘဏ္ဍာရေးဆိုင်ရာ တာဝန်များကို လိုက်နာခြင်း

TMH ကုမ္ပဏီသည် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် အခွန် မြန်မာကျပ်ငွေ ၃၉၉ သန်း ထမ်းဆောင်ခဲ့ပြီး အခွန်များ၏ ၉၀ ရာခိုင်နှုန်းသည် သုံးစွဲသူများမှ ပေးဆောင်သော ကုန်သွယ်ခွန်ဖြစ်ပြီး ကျွန်ုပ်တို့မှတစ်ဆင့် အခွန်ကြီးကြပ်ရေးဌာနသို့ ပေးဆောင်ခဲ့ပါသည်။

## Complying with our fiscal obligations

The tax paid by TMH reached MMK 399 million in FY23/24, of which 90% was the result of the commercial tax paid by our clients, which our Company has to pay to the tax department.

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို စီမံခန့်ခွဲခြင်း

ဆက်သွယ်ရေးကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တိုက်ရိုက် သက်ရောက်မှုသည် များစွာ မရှိလှပါ။

စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စွန့်ပစ်ပစ္စည်း ၁၁၉ ကီလိုဂရမ် ထွက်ရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ၂၄၃ ကီလိုဂရမ် နှင့် နှိုင်းယှဉ်ပါက ထက်ဝက်လျော့ချနိုင်ခဲ့သည်။ ထို့အပြင် ကျွန်ုပ် တို့သည် ပြင်ပအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်း၍ ကျွန်ုပ်တို့ စွန့်ပစ်ပစ္စည်းကို ၁၀၀ ရာခိုင်နှုန်း ပြန်လည်အသုံးပြုရန် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျွန်ုပ်တို့သည် စွမ်းအင်စုစုပေါင်း ၃၀,၀၂၁ မီဂါဝပ်နာရီ အသုံးပြုခဲ့ပြီး ယမန်နှစ် ၉၄၀ မီဂါဝပ်နာရီနှင့် နှိုင်းယှဉ်လျှင် သိသာစွာ မြင့်တက်လာခဲ့သည်။ စွမ်းအင်အသုံးပြုမှု၏ ၉၆ ရာခိုင်နှုန်းကို ဆက်သွယ်ရေးတာဝါတိုင်များ ပြုပြင် ထိန်းသိမ်းရာတွင် မီးစက်မောင်းနှင်ရန်အတွက် အသုံးပြုခဲ့ရခြင်း ဖြစ်သည်။ အကျိုးဆက်အားဖြင့် အဆိုပါနှစ်တွင် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများမှ ၈,၅၄၆ တန်နှင့် ညီမျှသော ကာဗွန်ဒိုင်အောက်ဆိုဒ် (CO2e - နယ်ပယ် ၁၊ ၂ နှင့် ၃)

## Monitoring our environmental impact

As a telecom company, our direct environmental impacts are limited.

Regarding waste, our activities generated 50% less waste in FY23/24, with 119 kg of waste compared to 243 kg in FY22/23. We recycle 100% of our waste with a third party.

Our total energy consumption increased significantly to 30,021 MWh from 940 MWh in FY22/23, of which 96% is used when we refill the power generators while maintaining the telecom towers. As a result, our operations emitted 8,546 tonnes of carbon dioxide equivalent (CO2e) last year for our Scopes 1, 2 and 3. Scope 1 comprises the emissions of the assets we own and use to operate our activities. Scope 2 includes the electricity emissions consumed for our operations. Scope 3 consists of the indirect emissions from the assets that we do not own. 97%

ကို ထုတ်လွှတ်ခဲ့သည်။ နယ်ပယ် ၁ သည် ကျွန်ုပ်တို့ ပိုင်ဆိုင်သော ပစ္စည်းများနှင့် လုပ်ငန်းလည်ပတ်မှုများမှ တိုက်ရိုက်ထုတ်လွှတ်မှု ဖြစ်သည်။ နယ်ပယ် ၂ မှာ လုပ်ငန်း ဆောင်ရွက်ရန် အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲရာမှ ထုတ်လွှတ်မှုများဖြစ်သည်။ နယ်ပယ် ၃ မှ ကျွန်ုပ်တို့ ပိုင်ဆိုင်မှုမဟုတ်သည့် ပစ္စည်းများမှ ထုတ်လွှတ်သော တိုက်ရိုက်မဟုတ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ် မှုဖြစ်ပြီး ၉၇ ရာခိုင်နှုန်းသော ထုတ်လွှတ်မှုများသည် ကျွန်ုပ်တို့၏ ဖောက်သည်များ ပိုင်ဆိုင်သော ဆက်သွယ် ရေးတာဝါတိုင်များကို မောင်းနှင်ထိန်းသိမ်းရာတွင် အသုံး ပြုရသော မီးစက်များ၏ ဒီဇယ်လိုအပ်ချက်မှ ဖြစ်သည်။

“၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျွန်ုပ်တို့သည် စွမ်းအင်စုစုပေါင်း ၃၀,၀၂၁ မီဂါဝပ်နာရီ အသုံးပြုခဲ့ပြီး ယမန်နှစ် ၉၄၀ မီဂါဝပ်နာရီနှင့် နှိုင်းယှဉ်လျှင် သိသာစွာ မြင့်တက်လာခဲ့သည်။ စွမ်းအင်အသုံးပြုမှု၏ ၉၆ ရာခိုင်နှုန်းကို ဆက်သွယ်ရေးတာဝါတိုင်များ ပြုပြင် ထိန်းသိမ်းရာတွင် မီးစက်မောင်းနှင်ရန်အတွက် အသုံးပြုခဲ့ရခြင်း ဖြစ်သည်။”

of our emissions are the consequences of diesel refills of the generators owned by our clients for the telecom towers we maintain.

## Breakdown of our energy consumption




## Breakdown of our GHG emissions







T M H



# Operations

## BTS

### *Highlights*

- ကျွန်ုပ်တို့အဖွဲ့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်သွယ်ရေး တာဝါတိုင် ၉၀၀ ကျော်ကို ပြုပြင်ထိန်းသိမ်းခဲ့သည်။ လတ်တလောတွင် အဆိုပါ တာဝါတိုင်များမှ ၂ ရာခိုင်နှုန်းသော တာဝါတိုင်များမှာ ပဋိပက္ခအခြေအနေများကြောင့် အသုံးပြုနိုင်ခြင်း မရှိပေ။
- ကျွန်ုပ်တို့အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ လူဦးရေ ၅၀၁,၅၀၀ ကျော်အတွက် ဆက်သွယ်ရေးရရှိနိုင်ရန် မရှိမဖြစ် လိုအပ်ပါသည်။
- ကျွန်ုပ်တို့ ပြုပြင်ထိန်းသိမ်းလျက်ရှိသည့် အခြေခံအဆောက်အအုံများသည် ၉၉ ရာခိုင်နှုန်းကျော် အချိန်ပြည့် လည်ပတ်လျက်ရှိသည်။ ထိုသို့ လည်ပတ်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ အဖွဲ့သည် အင်မတန်ခက်ခဲ၍ စိန်ခေါ်မှုများ ပြားလှသော အခြေအနေများကြားတွင် အထူးဂရုပြု၍ လုပ်ငန်း ဆောင်ရွက်ခဲ့ ရပါသည်။
- မိုဘိုင်းဆက်သွယ်ရေး အခြေစိုက်စခန်းများ လည်ပတ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းမှ ဝင်ငွေ မြန်မာကျပ်ငွေ သန်း ၂,၀၀၀ ခန့် ရရှိခဲ့ပြီး ၎င်းမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရရှိခဲ့သည့် လုပ်ငန်းရလဒ်နှင့် တူညီမှုရှိပါသည်။
- ကျွန်ုပ်တို့၏ ဝန်ဆောင်မှုကို အချိန်မှန်၊ အရည်အသွေးမှန် လုပ်ဆောင်နိုင်ရန်နှင့် အထူးသဖြင့် ဝန်ထမ်းများအားလုံး နေအိမ်သို့ အန္တရာယ်ကင်းစွာ ပြန်ရောက်နိုင်သည်ကို သေချာစေရန်အတွက် အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက် မှုသည် မရှိမဖြစ်လိုအပ်ပါသည်။
- ကျွန်ုပ်တို့နှင့် ရေရှည်လက်တွဲ ရှိသည့် ဖောက်သည်များကို ဆက်လက် ဝန်ဆောင်မှု ပေးလျက် ရှိပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများ၏ ဘေးအန္တရာယ် ကင်းရှင်းလုံခြုံမှုရှိသည်ကို သေချာစေရန်အတွက် လက်ရှိ အခြေအနေများကို စဉ်ဆက်မပျက် အကဲဖြတ်နိုင်ရန် ပိုမို၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှု၏ အကျိုးရလဒ်ကို ရရှိခဲ့ပါသည်။
- လွန်ခဲ့သောနှစ်တွင် ကျွန်ုပ်တို့သည် ပြင်းထန်သော မတော်တဆမှုတခုကို မှတ်တမ်းတင်ခဲ့ရပါသည်။ (အသေးစိတ်ကို စာမျက်နှာ ၄၁ တွင်ကြည့်ရှုပါ။)

- Our team maintained 900+ telecom towers in FY23/24. 2% of these towers are not accessible at the moment due to the conflict.
- Their contribution is essential to connecting 501,500 people in Kayin, Mon and Tanintharyi.
- The infrastructure we maintain is highly available: more than 99% of the time. This is a remarkable level of performance; our team had to operate carefully under extraordinarily challenging conditions.
- The revenue from our BTS operations reached about MMK 2,000 million, a level similar to what we generated in FY22/23.
- Teamwork is essential to delivering our services on time, guaranteeing quality, and – most importantly – ensuring that everyone can get back home safely.
- We continue to serve our long-term client. Our collaboration is synergetic, as we work very closely to assess continuously the situation to ensure the safety and security of our staff and contractors.
- Last year, we unfortunately recorded a serious accident (see page 41 for more details).

## ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို သေချာခိုင်မာစေခြင်း

TMH ကုမ္ပဏီသည် ပဋိပက္ခများ ဖြစ်ပွား နေသည့် ဒေသ သုံးခုဖြစ်သည့် တနင်္သာရီတိုင်း ဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ သုံးစွဲသူများကို ဝန်ဆောင်မှုပေး လျက်ရှိပါသည်။

ကျွန်ုပ်တို့ပြုပြင်ထိန်းသိမ်း လျက်ရှိသော တာဝါတိုင်များ၏ ၁၀ ရာခိုင်နှုန်းမှာ ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် နေရာဒေသများတွင် တည်ရှိနေပြီး၊ ၂ ရာခိုင်နှုန်းသော ဆိုဒ်များတွင် ဘေးကင်းလုံခြုံစွာ လုပ်ငန်းလုပ်ဆောင်၍ မရနိုင်ကြောင်းတွေ့ရှိရပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် အမျိုးမျိုးသော အကျိုးသက်ဆိုင်သူတို့နှင့် ဆက်သွယ်ဆောင်ရွက်၍ ကျွန်ုပ်တို့ ဝန်ထမ်းများ၏ လုပ်ငန်းခွင်အခြေအနေများ အဆင်ပြေ ချောမွေ့စေရန်နှင့် ၎င်းတို့၏ လုံခြုံရေးကို ကာကွယ်ရန် လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အကျိုးသက်ဆိုင်သူများနှင့် အောက်ဖော်ပြပါအတိုင်းပူးပေါင်းဆောင်ရွက်ပါသည်။

- ကျွန်ုပ်တို့၏ ဝန်ဆောင်မှုရယူသူများ - ၎င်းတို့သည် မတူညီသည့် အဖွဲ့အစည်းပုဂ္ဂိုလ်များထံမှ သတင်းအချက်အလက်များ စုစည်းပေးသည်။ ထိုမှတဆင့် ကျွန်ုပ်တို့အနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ကာ အန္တရာယ်ကို ရှောင်ရှားနိုင်မည့် နည်းလမ်းများအပေါ် သဘောတူညီချက်ရယူ၍ ဆုံးဖြတ်သည်။
- ဒေသခံအဖွဲ့အစည်းများ - ကျွန်ုပ်တို့သည် ဒေသခံအဖွဲ့အစည်းများနှင့် နီးကပ်သည့်ဆက်ဆံရေးများ ထားရှိပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းခွင် စောင့်ကြပ်ရေးဝန်ထမ်းအများစုသည် ဒေသခံများဖြစ်ကြပြီး ၎င်းတို့သည် လက်ရှိ မြေပြင်အခြေအနေနှင့် ပတ်သက်၍

## Ensuring the security of our staff

TMH serves one client in three regions very much impacted by the ongoing conflict: Kayin, Mon and Tanintharyi.

We estimate that 10% of the towers we maintain are located in conflict-affected areas, and that we cannot safely perform our work at 2% of the sites. Therefore, to conduct our operations, we must always engage with various stakeholders to secure the safety and working conditions of our team. We engage with various stakeholders as follows:

- Our clients. They gather information and data from different sources. We then discuss the risks with them and agree on mitigation measures.
- Local Communities. We have close relationships with local communities: most of our site guards are locally employed, and they can provide us with relevant and up-to-date information.

In FY23/24, we could not perform any maintenance activities at 2% of the sites for security reasons, a situation acknowledged and understood by our client.

**27%**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အတွက် ကျွန်ုပ်တို့၏ ဝင်ငွေစုစုပေါင်း၏ ၂၇ ရာခိုင်နှုန်း ကို မိုဘိုင်းဆက်သွယ်ရေး အခြေစိုက်စခန်းများ လည်ပတ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းမှ ရရှိခဲ့သည်။

27% of our income were generated by our BTS operations in FY23/24.

မိုဘိုင်းတာဝါအဖွဲ့၏ ဝန်ထမ်း ၁၀၀ ကျော် သည် မြို့ရွာ ဒေသ အမျိုးမျိုးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

Our teams include 100+ staff, based in different cities and regions.

ဆက်သွယ်ရေး တာဝါတိုင် ၉၀၀ ကျော် ကို ပြုပြင်ထိန်းသိမ်းလျက် ရှိသည်။

900+ towers maintained.

သက်ဆိုင်သော သတင်းများကို အချိန်နှင့် တပြေးညီ ကျွန်ုပ်တို့ကို ပေးပို့နိုင်ပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျွန်ုပ်တို့သည် ၂ ရာခိုင်နှုန်းသော တာဝါတိုင်များကို လုံခြုံရေး စိန်ခေါ်မှုအရ ပြုပြင်ထိန်းသိမ်းမှု မပြုလုပ်နိုင်ခဲ့ပါ။ ဤအခြေအနေကို ကျွန်ုပ်တို့၏ ဝန်ဆောင်မှုရယူသူများကလည်း နားလည် သဘောပေါက် လက်ခံပြီး ဖြစ်သည်။

> “ဒေသခံအဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် TMH သည် လုပ်ငန်းအပ်နှံသူ၏ လိုလားချက် အတိုင်း ဆောင်ရွက်ရသည်။ ”

## ဒေသခံအဖွဲ့အစည်းများနှင့် ဆက်ဆံရေး

TMH သည် လုပ်ငန်းအပ်နှံသူများ ကိုယ်စား ဒေသခံအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆက်သွယ်ရန်အတွက် တာဝန်ရှိသည်။ မြေပိုင်ရှင်တို့နှင့် စာချုပ်ချုပ်ဆိုခြင်းကို TMH မှ ပြုလုပ်၍ လုပ်ငန်းအပ်နှံသူများမှ ပြန်လည်ပေးချေသည်။ ဒေသခံအဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် TMH သည် လုပ်ငန်းအပ်နှံသူ၏ လိုလားချက် အတိုင်း ဆောင်ရွက်ရသည်။

ဖြစ်ပေါ်လာနိုင်သည့်တိုင်ကြားချက်များကိုဖြေရှင်းရန် ရပ်ရွာအစည်းအဝေးများကို ပုံမှန် ပြုလုပ်ကြရသည်။ မီးစက်၏ အသံဆူညံမှုကြောင့် တိုင်ကြားမှုမှာ အများဆုံး ဖြစ်တတ်ပြီး အသံဆူညံမှုကို လျော့ချရန် မဖြစ်နိုင်သော အခြေအနေတွင် TMH အတွက် လျှပ်စစ်မီး ပြတ်တောက်မှု အပေါ် အကျိုးရလဒ် ပြန်လည်ဖြည့်စည်းပေးခြင်း မရှိသော်လည်း လုပ်ငန်းအပ်နှံသူနှင့် ညှိနှိုင်း၍ ညပိုင်း အတွက် မီးစက်မောင်းနှင်မှုကို ရပ်နားရတတ်သည်။

## Engaging local communities

TMH is responsible for engaging with local stakeholders. TMH contracts with landowners and can then claim rent from its clients. With local communities, TMH must comply with its clients' requirements. Regular community meetings are organised to discuss potential complaints. One recurring topic pertains to the noise created by the generators. When it is not feasible for TMH to optimise and reduce the noise, TMH can, after discussing the issue with its client, stop generators at night even if the electricity is cut without penalties for TMH.

**+2%**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ်ပါက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျွန်ုပ်တို့၏ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းမှ ဝင်ငွေသည် ၂ ရာခိုင်နှုန်း တိုးလာခဲ့သည်။

We increased our income from our maintenance operations by 2% compared to FY22/23.

ကျွန်ုပ်တို့သည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက် ရှိသည်။

We operate in Kayin, Mon and Tanintharyi.

ကျွန်ုပ်တို့သည် လူဦးရေ ၅၀၁,၅၀၀ ကျော်ကို ဆက်သွယ်ချိတ်ဆက်ပေးလျက် ရှိသည်။

501,000 people connected.

# Fibre

## *Highlights*

- ကျွန်ုပ်တို့၏ အစုစပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar GT Broadband အတွက် ကျွန်ုပ်တို့ အဖွဲ့သည် မြန်မာနိုင်ငံအနှံ့ရှိ မြို့အသီးသီးတွင် ဖိုက်ဘာကြိုး ၄,၀၅၀ ကီလိုမီတာကျော် ကို ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။
- ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုကို သုံးစွဲသူပေါင်း ၅၀,၀၀၀ ကျော်အား ဝန်ဆောင်မှုပေးခဲ့ရာ ယခင်နှစ်ထက် ၁၃ ရာခိုင်နှုန်း တိုးလာသည်ကို တွေ့နိုင်သည်။ ကျွန်ုပ်တို့၏ ဝယ်ယူ သုံးစွဲသူ အများစုသည် ရန်ကုန်မြို့မှ ဖြစ်ပြီး အခြားသော သုံးစွဲသူများမှာ မုံရွာ၊ လားရှိုး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့များ မှ ဖြစ်သည်။
- ကျွန်ုပ်တို့၏ Upstream (ထုတ်လွှင့်မှု) ဝန်ဆောင်မှု ရောင်းချသူနှင့် သဘောတူညီထားသော လိုင်းအကျယ် ပမာဏမှာ ၇၆ ဂီဂါဘိုက် ဖြစ်သည်။
- ယမန်နှစ်ကနှင့် ယှဉ်လျှင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နေအိမ်သုံးအင်တာနက် ချိတ်ဆက်မှုသည် ၁၆ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ သို့ရာတွင် ပဋိပက္ခများကြောင့် စီးပွားရေး လုပ်ငန်းသုံး ချိတ်ဆက်မှုတွင် ၂.၅ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း တွေ့ရှိရသည်။
- ကျွန်ုပ်တို့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဖိုင်ဘာ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းမှ မြန်မာကျပ် ငွေ ၅၅ သန်း ရရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၆၃၆ သန်းကျော် ဝင်ငွေမှ သိသာစွာ လျော့ကျခဲ့ခြင်း ဖြစ်သည်။ လက်ရှိ ပဋိပက္ခ ဖြစ်ပွားမှုများသည်လည်း ဝင်ငွေလျော့ကျမှုကို အရှိန်မြင့်စေသည်။

- We maintain 4,050+ km of optical fibre in various cities across Myanmar for our affiliate Myanmar GT Broadband.
- We served broadband internet service for 50,000+ clients in FY23/24, a 13% increase compared to FY22/23. Our clients are mostly located in Yangon, followed by Monywa, Lashio, Taunggyi and Mawlamyaing.
- Our agreement with our upstream service provider guarantees us a bandwidth capacity of 70+ Gbps.
- We recorded a 16% growth of households connected in FY23/24 compared to the previous year. However, due to the conflict, we noticed a contraction of 2.5% in the number of businesses that are using our services.
- We recorded MMK 55 million of income from our fibre installation in FY23/24, down from MMK 636 million in FY22/23. This sharp decrease has been amplified by the ongoing conflict.

**1%**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အတွက် ကျွန်ုပ်တို့၏ ဝင်ငွေစုစုပေါင်း၏ ၁ ရာခိုင်နှုန်း ကို ဖိုက်ဘာ တပ်ဆင်ရေးအဖွဲ့မှ ရှာဖွေပေးခဲ့သည်။

1% of our income was generated by our fibre installation team in FY23/24.

ဖိုက်ဘာ တပ်ဆင်ရေးအဖွဲ့၏ ဝန်ထမ်း ၃၅ ဦးကျော်သည် မြို့ရွာ ဒေသ အမျိုးမျိုးတွင် တာဝန်ထမ်းဆောင်နေသည်။

Our teams include 35+ staff, based in various cities and regions

ကျွန်ုပ်တို့၏ မိတ်ဖက်လုပ်ငန်းများ အတွက် ဖိုက်ဘာကြိုး ၄,၀၅၀ ကီလိုမီတာကျော် ကို တပ်ဆင်ထိန်းသိမ်း လုပ်ဆောင်လျက်ရှိသည်။

4,050+ km of fibre installed and maintained for our affiliate.

## Evolution of our clients base (Fiber)




## Evolution of our Bandwidth (Gbps)







“ကျွန်ုပ်တို့၏ Upstream (ထုတ်လွှင့်မှု) ဝန်ဆောင်မှု ရောင်းချသူနှင့် သဘောတူညီထားသော လိုင်းအကျယ် ပမာဏမှာ ၇၆ ဂီဂါဘိုက် ဖြစ်သည်။”

# -91%

ဖိုက်ဘာတပ်ဆင်ခြင်းလုပ်ငန်းမှ ရရှိသည့် ဝင်ငွေသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၉၁ ရာခိုင်နှုန်း လျော့နဲသွားခဲ့သည်။

Our fibre-related income contracted by 91% compared to FY22/23.

ကျွန်ုပ်တို့သည် ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လုပ်ငန်းလုပ်ဆောင်လျက် ရှိသည်။

We operate in Mon, Shan, Sagaing and Yangon.

ကျွန်ုပ်တို့သည် အိမ်သုံး (၄၂,၀၀၀) ၊ လုပ်ငန်းသုံး (၈,၀၀၀)- စုစုပေါင်း ဖောက်သည် ၅၀,၀၀ ကျော် ရှိသော မြန်နှုန်းမြင့် အင်တာနက် သုံးစွဲသူများကို ဝန်ဆောင်မှု ပေးလျက်ရှိသည်။

50,000+ clients use our broadband internet services: 42,000+ households and 8,000+ businesses.

## နိုင်ငံအဝှမ်း ဖြစ်ပွားဆဲ ပဋိပက္ခများ၏ အကျိုးဆက်ကို လျော့ချခြင်း

ယနေ့ခေတ်တွင် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ရရှိရန်၊ မိသားစု မိတ်ဆွေတို့နှင့်ဆက်သွယ်ရန်၊ စီးပွားရေး လုပ်ဆောင်ရန်တို့ အတွက် အင်တာနက် ရရှိရန် အရေးကြီးသည်။ ကျွန်ုပ်တို့၏ ဖိုက်ဘာကွန်ယက်သည် စီးပွားရေးလုပ်ငန်းနှင့် ပြည်သူလူထုကို အင်တာနက်နှင့် ချိတ်ဆက်ပေးလျက် ရှိသည်။ ဒီဂျစ်တယ်လုပ်ငန်းများ ကြီးထွားဖွံ့ဖြိုးနိုင်စွမ်းသည် အခြေခံ အဆောက်အအုံ၏ အရည်အသွေး ပေါ်တွင် များစွာ မူတည်ပါသည်။

စိတ်မကောင်းဖွယ်ရာမှာ လက်ရှိကာလတွင် အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားနေသော ပဋိပက္ခတို့သည် IT အခြေခံ အဆောက်အအုံ၏ စွမ်းရည်ကို လျော့ကျစေသည်။ ထို့အပြင် လျှပ်စစ်မီး ပြတ်တောက်မှုကလည်း ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်တာများ လုပ်ကိုင်နိုင်မှု အပေါ် ဆိုးရွားစွာ ထိခိုက်စေသည်။ လားရှိုးဖြစ်စဉ်တွင် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်နိုင်မှုကို အလွန် ထိခိုက်ခဲ့ရပြီး အဆိုပါ ဒေသမှ ဖောက်သည် ၁၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့ရသည်။ ဝန်ထမ်းများ၏ လုံခြုံရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်ခဲ့ရသည်။ အလားတူပင် အရေးကြီး ပစ္စည်းများ ပြည်ပမှ ဝယ်ယူ ရရှိနိုင်မှု၊ မြန်မာကျပ်ငွေ တန်ဖိုး လျော့ကျမှု၊ လိုအပ်သော သွင်းကုန်လိုင်စင် အချိန်မီ ရရှိရန် ခက်ခဲမှု၊ ပြည်ပငွေကြေး လွှဲပြောင်းရန် ခက်ခဲမှုတို့ကလည်း ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက် နိုင်မှု အပေါ် ထိခိုက်စေသည်။

## Mitigating the consequences of the ongoing conflicts across the country

Our fibre network enables people and businesses to be connected. Access to the internet is crucial nowadays for getting reliable information, connecting with family and friends, sharing information, and doing business. The quality of the infrastructure is, therefore, essential to enabling the growth of the digital space.

Unfortunately, multiple conflicts have impacted the IT infrastructure in Myanmar, especially in northern Shan State. Furthermore, access to electricity has been severely disrupted, further hindering our ability to operate. Our operations in Lashio were significantly impacted, and we estimate that we lost 10% of our customers in this area. Our staff had to stop their work; for security reasons. Likewise, our ability to procure critical components from abroad, the depreciation of the Myanmar kyat, difficulties in getting the necessary import licences on time, and transacting in foreign currencies all affect our operations.



## ဖိုက်ဘာကွန်ယက်- ချိတ်ဆက်မှု အဆောက်အအုံကို စောင့်ရှောက် ထိန်းသိမ်းခြင်း

ကျွန်ုပ်တို့၏ ဖောက်သည်များအတွက် အင်တာနက် ချိတ်ဆက်မှု ပေးနိုင်ရန် အချိတ်အဆက် အမျိုးမျိုးအပေါ်တွင် မှုတည်ထားသည် -

- မြန်မာ့ကွန်ယက်အား ကမ္ဘာနှင့် ချိတ်ဆက်ရန် နိုင်ငံတကာ အင်တာနက်ဂိတ်ဝေးများနှင့် ချိတ်ဆက်ထားခြင်း။
- ဒေတာများကို သိမ်းဆည်းရန် ဒေတာစင်တာများ တည်ဆောက်ထားခြင်း။ ကျွန်ုပ်တို့သည် Myanmar GT Broadband ကုမ္ပဏီ အတွက် ဒေတာစင်တာ ၂၅ခုနှင့် လည်ပတ်ဆောင်ရွက် လျက်ရှိပါသည်။
- နိုင်ငံတဝှမ်း ဖြန့်ကျက်ထားသော ဖိုက်ဘာလိုင်း ကီလိုမီတာပေါင်း ၄,၀၅၀ ကျော်ကို အရင်းပြု၍ ဒေတာစင်တာနှင့် အင်တာနက် သုံးစွဲသူများကြား ချိတ်ဆက်ရန် ဖိုက်ဘာ ဒေတာ ဖြန့်ဝေမှုဘောက်စ်များ တပ်ဆင်ထားရှိခြင်း။

ကျွန်ုပ်တို့သည် ဖိုက်ဘာဒေတာ ဖြန့်ဝေမှုဘောက်စ်နှင့် ဖောက်သည်များကြား အမှားအယွင်း ဖြစ်ပွားမှု၏ ၉၀ ရာခိုင်နှုန်း ကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။

## Maintaining an enabling infrastructure: our fibre network

To connect our clients to the internet, we rely on multiple elements:

- International gateways to connect the Myanmar network to the world.
- Data centres to store data. We operate 25 access rooms across the country for Myanmar GT Broadband.
- Optical distribution boxes (ODBs) are used to connect our clients with our data centres thanks to the 4,050 km of optical fibre that we installed for our affiliate across the country.

We aim to resolve 90% of incidents occurring between ODBs and our clients.



# Mobile

## *Highlights*

- TMH သည် ဖုန်းငွေဖြည့်ကဒ်များ ထုတ်လုပ်ရန် ငွေဖြည့်ကတ်ဌာနဖြင့် လည်ပတ်လျက်ရှိပြီး ကျွန်ုပ်တို့ထံမှ ဝန်ဆောင်မှု ရယူသူများအတွက် ငွေဖြည့်ကဒ်မျိုးစုံကို ထုတ်လုပ်ပေးလျက်ရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျွန်ုပ်တို့၏ ဝန်ထမ်းများ သည် သုံးစွဲသူများအတွက် ကဒ်ပေါင်း ၁၄.၈ သန်းကို ထုတ်လုပ်ခဲ့ပြီး ယမန်နှစ်အတွင်း ၇.၇ သန်းထုတ်လုပ်ခဲ့သည်။
- ကဒ်ထုတ်လုပ်မှုသည် ၄၈ ရာခိုင်နှုန်း လျော့ကျခဲ့ပြီး ဤကဏ္ဍမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာကျပ်ငွေ ၇၇၀ သန်းရရှိခဲ့ပြီး၊ ယမန်နှစ်ကထက် ၂၇ ရာခိုင်နှုန်း လျော့ကျခဲ့သည်။
- ရန်ကုန်အရှေ့ပိုင်းနှင့် ပဋိပက္ခ သက်ရောက်မှုရှိသည့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများ အပါအဝင် ရုံးခွဲပေါင်း ၁၂ ခုမှတစ်ဆင့် ကျွန်ုပ်တို့သည် ကိုယ်စားလှယ်များ၊ တဆင့်ပြန်လည်ရောင်းချသူ စုစုပေါင်း ၃,၀၀၀ ကျော်ဖြင့် ငွေဖြည့်ကဒ်များကို ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ကျွန်ုပ်တို့၏ အရောင်းအဖွဲ့သည် မြို့နယ်ပေါင်း ၁၅ ခုကို လွှမ်းခြုံထားလျက် ရှိသည်။
- ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် တဆင့်ပြန်လည် ရောင်းချသူများသည် ကျွန်ုပ်တို့ထံမှ ဝန်ဆောင်မှု ရယူသူ၏ လိုအပ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သည်ကို သေချာစေပြီး ဝန်ဆောင်မှုရယူသူဘက်မှလည်း ကျွန်ုပ်တို့၏ ဝန်ဆောင်မှု အရည်အသွေးကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်လျက် ရှိပါသည်။

- TMH operates 1 site manufacturing prepaid top-up cards. We produce various types of cards for our client. Last year, our staff produced 7.7 million cards compared to 14.8 million in FY22/23.
- Though the volume of cards manufactured decreased by 48% compared to last year, our income from our production lines reached MMK 700 million in FY23/24, a 27% contraction.
- We rely on our network of 12 branches to distribute and supply top-up cards to 3,000+ resellers in two areas: in Yangon and in eastern and northern Shan State, which are currently impacted by the ongoing conflict. Our sales force covers 15 townships.
- We ensure that our team and resellers comply with our client's requirements and guidelines. Our client regularly audits the quality of our services.

**10%**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျွန်ုပ်တို့ ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်း ကို ဖုန်းငွေဖြည့်ကဒ်များ ရောင်းချခြင်းမှ ရရှိခဲ့သည်။

10% of our income was generated by the sales of top-up cards in FY23/24.

ကျွန်ုပ်တို့၏ ငွေဖြည့်ကဒ်ဌာနတွင် ဝန်ထမ်း ၇၅ ယောက်ကျော် တာဝန်ထမ်းဆောင်လျက် ရှိသည်။

Our teams include 75+ staff, based in our industrial site.

ကျွန်ုပ်တို့သည် ဖုန်းငွေဖြည့်ကဒ်ပေါင်း ၇.၇ သန်း ထုတ်လုပ် ဖြန့်ချီခဲ့သည်။

We manufactured and distributed 7.7 million cards.

## Evolution of the number of topup cards manufactured (millions)






# -27%

ဖုန်းငွေဖြည့်ကဒ်မှ ရရှိသည့် ဝင်ငွေသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၂၇ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

Our income related to top-up cards sales contracted by 27% compared to FY22/23.

ရတနာပုံ ဆိုက်ဘာစီးတီးတွင် ဖုန်းငွေဖြည့်ကဒ် စက်ရုံ တည်ရှိသည်။

Factory located in Yadanapon Cyber City.

ကျွန်ုပ်တို့သည် ရန်ကုန်နှင့် ရှမ်းပြည်နယ်တွင် အရောင်းကိုယ်စားလှယ် ၃,၀၀၀ ကျော်နှင့် ချိတ်ဆက် လုပ်ကိုင်လျက်ရှိသည်။

We work with 3,000+ agents in Yangon and Shan State.

## ဖြန့်ဖြူးရောင်းချမှုကွန်ယက်ကို စီမံခန့်ခွဲခြင်း

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံမှ ဝန်ဆောင်မှုရယူသူနှင့် နီးကပ်စွာ တွဲဖက် လုပ်ကိုင်လျက်ရှိသည်။ ကျွန်ုပ်တို့သည် ရန်ကုန်မြို့နှင့် ရှမ်းပြည်နယ်တို့ရှိ ကိုယ်စားလှယ်များ၊ တဆင့်ပြန်လည်ရောင်းချသူများ စုစုပေါင်း ၃,၀၀၀ ကျော်နှင့် ချိတ်ဆက်ထားသည့် ကွန်ရက်ဖြင့် ငွေဖြည့်ကတ်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။ ၎င်းတို့သည် ငွေဖြည့်ကဒ်များ အား သုံးစွဲသူများထံသို့ ပြန်လည် ဖြန့်ဖြူးရောင်းချ ပေးပါသည်။ ကျွန်ုပ်တို့ အနေဖြင့် တစ်ဆင့်ပြန်လည်ရောင်းချသူများကို ယခုလက်ရှိ ဖြစ်ပေါ်လျက်ရှိနေသော ပဋိပက္ခများကြားတွင် တတ်နိုင်သမျှ ကူညီထောက်ပံ့ရန်အတွက် အကောင်းဆုံး ကြိုးစားလျက် ရှိပါသည်။ ကျွန်ုပ်တို့နှင့် တစ်ဆင့်ပြန်လည်ရောင်းချသူများအကြားရှိ ဆက်ဆံရေး အရည်အသွေးကောင်းမွန်မှုသည် TMH ကုမ္ပဏီ၏ အောင်မြင်မှုအတွက် အထူးအရေးပါလှသည်။

ကိုယ်စားလှယ်များ၊ တဆင့်ပြန်လည် ရောင်းချ သူများမှ သုံးစွဲသူများထံ ပေးအပ်သော ဝန်ဆောင်မှု အရည်အသွေးသည် ကျွန်ုပ်တို့ထံမှ ဝန်ဆောင်မှုရယူသူ၏ လိုအပ်ချက်၊ မျှော်မှန်းချက်များနှင့် ကိုက်ညီစေရန်လည်း TMH မှ စာရင်းကောက်ယူမှုများ ပုံမှန်လုပ်ဆောင်လျက် ရှိပါသည်။ ထို့အပြင် ဝန်ဆောင်မှုရယူသူမှ ကျွန်ုပ်တို့၏ ဝန်ထမ်းများအား ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်ပို့ခြင်းနှင့် ရောင်းချခြင်းတို့နှင့် သက်ဆိုင်သည့် သင်တန်းများ ပေးအပ်ပါသည်။ ကျွန်ုပ်တို့၏ စွမ်းဆောင်မှုအပါအဝင် အချက်အလက်များကို ၎င်းနှင့် မျှဝေပြီး ကျွန်ုပ်တို့၏ ပွင့်လင်းမြင်သာမှုရှိပြီး ကြိုတင်လက်ဦးယူဆောင်ရွက်ခြင်းရှိသည့် လုပ်ဆောင်မှုတို့က ကျွန်ုပ်တို့ထံမှ ဝန်ဆောင်မှုရယူသူကို စိတ်ကျေနပ် မှု ရရှိစေပါသည်။

ယမန်နှစ်အတွင်း ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ပဋိပက္ခကြီးမားနေချိန်သဖြင့် ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ချိတ်ဆက် ဆက်သွယ်နိုင်စွမ်းကို ထိခိုက်စေခဲ့ပါသည်။ ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို အာမခံနိုင်မှု မရှိသောကြောင့် လုပ်ငန်းများ ရပ်နားထားခဲ့သည်။ ကံကောင်းစွာဖြင့် ပဋိပက္ခကြီးမားနေချိန်တွင် ကျွန်ုပ်တို့၏ ဝန်ထမ်းများအားလုံး ဘေးကင်းခဲ့ကြသည်။

## ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချခြင်း

ယမန်နှစ်တွင် ငွေဖြည့်ကဒ်များ ထုတ်လုပ်ရန် ကုန်ကြမ်းများ ဝယ်ယူခဲ့ရခြင်းကြောင့် ကုန်ကျစရိတ်များ တိုးမြင့်ခဲ့သည်။ သို့ရာတွင် ကျွန်ုပ်တို့၏ လုပ်ငန်းအပ်နှံသူများမှ အမှာများ လျော့ကျလာခြင်းနှင့် အတူ လုပ်ငန်းလည်ပတ်ရန် လိုငွေလည်း လျော့ကျလာခဲ့သည်။ ထို့အပြင်ကျွန်ုပ်တို့၏ ထုတ်လုပ်မှု ဇရိယာသည် လျှပ်စစ်မီးရရှိမှု အတန်အသင့် တည်ငြိမ်သည့် နေရာတွင် တည်ရှိသည်။

## Managing our distribution network

We work closely with our client: we produce, distribute and supply a network of 3,000+ agents and resellers in Yangon and Shan State. They are then responsible for selling top-up cards to their clients. Despite the ongoing crisis, our team does its best to support our resellers as much as possible. The quality of our relationship is crucial to TMH's success.

We conduct regular surveys to ensure that the quality of service provided by our agents and resellers meets our client's expectations and requirements. Furthermore, our client trains our team regularly. We share our performance and multiple data points with them: our transparent and proactive approach satisfies our client.

Last year, we had to pause our work in northern Shan State, as the safety and security of our sales people could no longer be guaranteed. Due to the conflict, our ability to engage and communicate with our staff has been seriously impacted. Fortunately, all our employees were safe when the conflict peaked.

"ကိုယ်စားလှယ်များ၊ တဆင့်ပြန်လည် ရောင်းချ သူများမှ သုံးစွဲသူများထံ ပေးအပ်သော ဝန်ဆောင်မှု အရည်အသွေးသည် ကျွန်ုပ်တို့ထံမှ ဝန်ဆောင်မှုရယူသူ၏ လိုအပ်ချက်၊ မျှော်မှန်းချက်များနှင့် ကိုက်ညီစေရန် လည်း TMH မှစာရင်းကောက်ယူမှုများ ပုံမှန် လုပ်ဆောင်လျက် ရှိပါသည်။ "

## Optimising our production costs

To manufacture top-up cards, we buy raw materials, and costs increased last year. However, as the order from our client declined significantly, our operational costs decreased proportionally. Furthermore, our production sites are located in areas where electricity remains relatively stable.

## New Business

### *Highlights*

- TMH သည် လွန်ခဲ့သော သုံးနှစ်မှ စတင်၍ နေပြည်တော်ရှိ စွမ်းအင်နှင့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်း အခွင့်အလမ်းများကို ရှာဖွေနိုင်ရန် ရည်ရွယ်၍ သီးခြားအဖွဲ့တစ်ခုကို ထပ်မံ ဖွဲ့စည်းတည်ထောင်ခဲ့သည်။
- ဤအဖွဲ့၏ စွမ်းဆောင်မှုဖြင့် TMH သည် ကုန်ကျစရိတ် သင့်တင့်စွာဖြင့် စီမံကိန်းလုပ်ငန်းများကို အချိန်မှီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ယုံကြည်အားကိုးရသော ဝန်ဆောင်မှုလုပ်ငန်းတစ်ခု အဖြစ် နာမည်ကောင်း ရရှိရန် တည်ဆောက်နိုင်ခဲ့သည်။ ယခုအခါ ကျွန်ုပ်တို့သည် စီမံကိန်းလုပ်ငန်း အသစ်များရရှိခဲ့ပြီး ကျွန်ုပ်တို့၏ ခြေလှမ်းများကို အောင်မြင်စွာ ချဲ့ထွင်နိုင်ခဲ့သည်။
- ကျွန်ုပ်တို့သည် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိစေရန် တရုတ်ပြည်တွင်းရှိ နိုင်ငံပိုင် ကုမ္ပဏီများနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။
- TMH သည် လုပ်ငန်းအသစ်များကို ချဲ့ထွင်ရာတွင် လုံလောက်သော အကျိုးအမြတ် ရရှိနိုင်ကြောင်း သေချာစေရန် ဖြစ်နိုင်ချေရှိသော ဆုံးရှုံးမှုမှန်သမျှကို တင်းကြပ်စွာ စိစစ်ပြီး ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုတ်ဝန်ပိုး ဖြစ်နိုင်သော လုပ်ငန်းများတွင် ပါဝင်မှု မရှိစေရန် သတိပြုရှောင်ရှားသည်။
- ယနေ့ TMH ဝင်ငွေ၏ ၆၂ ရာခိုင်နှုန်းကို ဤအဖွဲ့မှ ရရှိနေခြင်းသည် ကျွန်ုပ်တို့ ကိုင်တွယ် ဖြေရှင်းသည့်နည်းလမ်း၏ အောင်မြင်မှု သက်သေပင် ဖြစ်သည်။

- Three years ago, TMH established a dedicated team to pursue new business opportunities related to energy and construction in Nay Pyi Taw.
- The team has managed to build TMH's reputation as a reliable service provider that can deliver projects on schedule and budget: we have won new projects and are expanding our footprint.
- We partner with Chinese state-owned companies to identify and pursue business opportunities.
- TMH strictly assess the risks associated with any new business opportunity to ensure that its profit margin will be sufficient, and to avoid committing to projects that could become a financial burden.
- Our approach has proved to be successful: today, 62% of TMH's income comes from this team's efforts.





ဦးရဲမင်းလှိုင်
စီမံကိန်း ဒါရိုက်တာ

U Ye Min Hlaing
Project Director

“သုံးနှစ်ကြာ အပြင်းအထန် ကြိုးစား အားထုတ်ပြီးတဲ့နောက်မှာတော့ ကျွန်တော်တို့ဟာ အခုဆိုရင် နေပြည်တော်မှာရှိတဲ့ အကျိုးသက်ဆိုင်သူ အမြောက်အမြားနဲ့ ခိုင်မာတဲ့ ဆက်ဆံရေးတစ်ခု တည်ဆောက်ထားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နယ်ပယ်အသစ်မှာ အခုမှ စတင်ဝင်ရောက်လာတဲ့ လူသစ်တွေဖြစ်လို့ အရည်အသွေးနဲ့ ယုံကြည်စိတ်ချရမှုကို အဓိကအလေးထားခဲ့ပါတယ်။ လက်ရှိမှာ ကျွန်တော်တို့ရဲ့ ဖောက်သည်ဟောင်းတွေက ကျွန်တော်တို့နဲ့ ဆက်လက်ပူးပေါင်းလုပ်ဆောင်ဖို့ စိတ်အားထက်သန်နေပြီး ဖောက်သည်အသစ်တွေကိုလည်း ကျွန်တော်တို့နဲ့ လက်တွဲဖို့ စည်းရုံးနေပါတယ်။ ဒီအချက်က ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုနည်းလမ်းဟာ မှန်ကန်ထိရောက်တယ်ဆိုတာကို ပြသနေပါတယ်။ စိန်ခေါ်မှုတွေ ရှိနေပေမယ့် နိုင်ငံအတွက်လိုအပ်တဲ့ အခြေခံ အဆောက်အအုံတွေ တည်ဆောက်ရင်း ကျွန်တော်တို့အနေနဲ့ TMH ရဲ့ ရေရှည်ဘဏ္ဍာရေးတည်ငြိမ်မှုကို ပံ့ပိုးပေးနိုင်တဲ့ အတွက် ဂုဏ်ယူမိပါတယ်။”

“After three years of hard work, we have established strong relationships with many stakeholders in Nay Pyi Taw. As we were an outsider, we focused on quality and reliability. Our approach proved efficient: today, our existing clients are keen to work with us again, and we are convincing new ones to partner with us. Despite all the challenges, we are proud to build essential infrastructure that the country needs and to contribute to TMH’s financial sustainability.”

**62%**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အတွက် ကျွန်ုပ်တို့၏ ဝင်ငွေစုစုပေါင်း၏ ၆၂ ရာခိုင်နှုန်းကို လုပ်ငန်းသစ်ရှာဖွေခြင်း အဖွဲ့မှ ရှာဖွေပေးခဲ့သည်။

62% of our income was generated by our New Business team in FY23/24.

ဝန်ထမ်း ၆ ဦး ပါဝင်သော အဖွဲ့သည် နေပြည်တော်တွင် အခြေစိုက် ဆောင်ရွက်လျက်ရှိသည်။

Our team comprises 6 people based in Nay Pyi Taw.

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အဖွဲ့သည် စီမံကိန်းလုပ်ငန်း အသစ် ၃ ခုကိုရရှိအောင်မြင်ခဲ့သည်။

The team secured three new projects in FY23/24.

## လုပ်ငန်းနယ်ပယ် ချဲ့ထွင်ခြင်း

TMH ၏ စီမံခန့်ခွဲရေးအဖွဲ့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်ရွယ်၍ အဖွဲ့သစ်တစ်ခုကို လွန်ခဲ့သော ၃ နှစ်က ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အဆိုပါအဖွဲ့သည် နေပြည်တော် နှင့် မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော အခြေခံ အဆောက်အအုံ စီမံကိန်းများကို အာရုံစိုက်ရန် ရည်ရွယ်သည်။

၂၀၂၀-၂၀၂၁ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အဖွဲ့သစ်သည် ကျွန်ုပ်တို့ စုစုပေါင်းဝင်ငွေ၏ ၁၆ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်း ကို ရှာဖွေပေးခဲ့သည်။ ဒစ်ဂျစ်တယ် ငွေဖြည့်စနစ်နှင့် ဖြစ်ပွားဆဲ ပဋိပက္ခအခြေအနေများကြောင့် ကျွန်ုပ်တို့၏ ပုံမှန်လုပ်ငန်းဆောင်ရွက်မှု များ မတိုးချဲ့နိုင်ချိန်တွင် TMH ၏ ရေရှည်ရပ်တည်နိုင်စွမ်းအတွက် ဤဆုံးဖြတ်ချက်သည် လွန်စွာအရေးပါခဲ့သည်။ ယမန်နှစ်အတွင်း ကျွန်ုပ်တို့၏ ဝင်ငွေစုစုပေါင်း၏ ၆၂ ရာခိုင်နှုန်း ကို စီးပွားရေးအခွင့်အလမ်းသစ်များမှ ရရှိခဲ့သည်။

ဤအောင်မြင်မှုသည် အရေးကြီးသော အချက်နှစ်ခုကို မီးမောင်းထိုးပြသည်။

- ပထမ အချက်မှာ ကျွန်ုပ်တို့သည် လုပ်ငန်း၏ ခံနိုင်ရည်စွမ်းကို မြှင့်တင်ရန် လုပ်ငန်း အမျိုးအစား ဖြန့်ကျက်ရန်လိုအပ်သည်။
- ဒုတိယ အချက်မှာ ရေရှည်စီမံကိန်းနှင့် ခိုင်မာသော စိတ်အားထက်သန်မှုများသည် ကျွန်ုပ်တို့၏ အဖွဲ့အစည်းကို ပြောင်းလဲရန်နှင့် ဈေးကွက်အခြေအနေအသစ်များတွင် အောင်မြင်ရန် အဓိကသော့ချက်ဖြစ်သည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် အရေးပါသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာ အခြေခံ အဆောက်အအုံ တည်ဆောက်မှုများတွင် ဆက်လက်၍ ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်။

## Expanding our business outreach

Three years ago, TMH's management invested in building a new team tasked with business development. The team's focus was mainly on Nay Pyi Taw and on critical infrastructure that Myanmar requires to prosper.

Between FY2020/21 and FY2022/23, our new business team activities generated between 16% and 18% of our overall income. However, with the digitalisation of the top-up system and the impact of the conflict across the country, our traditional activities were unable to expand as much as before. This decision has now proved highly relevant for TMH's sustainability: last year, 62% of our income derived from new business opportunities that have come to fruition.

This highlights two key elements:

- First, we need to diversify our activity portfolio to be resilient.
- Second, a long-term plan and a strong commitment are key to transforming our organisation and ensuring its relevance to new market conditions.

We will continue our work and focus on renewable energy and critical electrical infrastructure, which are crucial enablers for Myanmar's future.

**+492%**

၂၀၂၃-၂၀၂၄ ယခု ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းသစ်ရှာဖွေခြင်း အဖွဲ့မှ ဝင်ငွေ ရရှိမှုသည် ၂၀၂၂-၂၀၂၃ နှင့် ယှဉ်လျှင် ၄၉၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

Our income derived from our new business activities grew by 492% compared to FY22/23.



လျှပ်စစ်ထုတ်လုပ်သော ဆိုလာတည်ဆောက်ခြင်းလုပ်ငန်းတစ်ခု တည်ထောင်ရန် ကျွန်ုပ်တို့၏ မိတ်ဖက်လုပ်ငန်းများနှင့် ဆွေးနွေးလျက် ရှိသည်။

We are discussing the development of a solar farm with our partners.



ကျွန်ုပ်တို့၏ ရှမ်းပြည်နယ်မှ ရေအား လျှပ်စစ် စီမံကိန်းကို လတ်တလောတွင် ဆိုင်းငံ့ထားပါသည်။

Our hydropower project in Shan State is on hold for the time being.

# Non-financial Reporting

## Enhancing our corporate disclosure

YSX တွင် စာရင်းဝင်ထားသော ကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့သည် ကော်ပိုရိတ်ဆိုင်ရာ သတင်းအချက်အလက် ထုတ်ဖော်ကြေညာမှုနှင့် သက်ဆိုင်သော စည်းမျဉ်းအမျိုးမျိုးကိုလည်း လိုက်နာရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ထုတ်ပြန်ထားသည့် စဉ်ဆက်မပြတ် ထုတ်ဖော်ကြေညာမှုနှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) အား လိုက်နာသည့်အနေဖြင့် ရန်ကုန်စတော့အိတ်ချိန်း (YSX) နှင့် ကျွန်ုပ်တို့၏ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် အချိန်နှင့်တပြေးညီ သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ်မှ စတင်၍ သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များကိုလွယ်ကူစွာရရှိစေနိုင်ရန် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်အား ပြန်လည်မွမ်းမံခဲ့ပါသည်။ TMH ကုမ္ပဏီအနေဖြင့် ၂၀၂၀ ခုနှစ်တွင် စိန်ခေါ်မှုများ ရှိနေသော်လည်း ကော်ပိုရိတ်ဆိုင်ရာ သတင်းအချက်အလက် ထုတ်ဖော်ကြေညာမှုကို အဆင့် မြှင့်တင်နိုင်ရန်အတွက် ဆက်လက် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ခဲ့ပါသည်။ ASEAN Corporate Governance Scorecard နှင့် ကျွန်ုပ်တို့၏ သတင်းနှိုင်းယှဉ်တင်ပြထားမှုအား ပြုပြင်မွမ်းမံပြီး ကျွန်ုပ်တို့၏ အင်တာနက်စာမျက်နှာတွင် လေ့လာဖတ်ရှုနိုင်ရန် တင်ပြထားပါသည်။ ဤ အကြောင်းအရာများကို ကျွန်ုပ်တို့၏ အင်တာနက် စာမျက်နှာတွင် လေ့လာဖတ်ရှုနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အတွင်းရေးမှူးသည် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော သတင်းအချက်အလက်များကို စုစည်းရန်နှင့် ကုမ္ပဏီ၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို ကာကွယ်ရန် အားထုတ်မှုများကို ညှိနှိုင်းရန် တာဝန်ရှိသည်။ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည့် အတိုင်း ကျွန်ုပ်တို့သည် အကျိုးသက်ဆိုင်သူများ၏ မျှော်မှန်းချက်များကို နားလည်သိရှိသည့် အားလျော်စွာ TMH အတွက် အရေးကြီးသည့် အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ဝန်ထမ်းများအတွက်-ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေး၊ လုပ်ငန်းခွင် အခြေအနေ ကောင်းမွန်ရေး၊ အကျိုးစီးပွား၊ လေ့ကျင့်သင်ကြားမှုနှင့် လူမှုဆက်ဆံရေး ကောင်းမွန်ရန်
- ဒေသခံများ အတွက် - ကုစား အဖြေရှာနိုင်ရန်
- မြန်မာပြည်သူတို့ အတွက် - အင်တာနက် ရရှိရန်

As a listed company, we must comply with various regulations related to corporate disclosure. For example, we strive to disclose all material information in a timely manner, through YSX's website and our own to comply with Notification 1/2016 on Continuous Disclosure issued by SECM.

Since 2019, our website is regularly updated to facilitate access to relevant documents and data. TMH has also decided to keep investing in enhancing its corporate disclosure. We have updated our mapping with the ASEAN Corporate Governance Scorecard. This document is available on our website.

Our corporate secretary is responsible for collecting all the necessary non-financial data and is also coordinating all our efforts on sustainability. We understand the main expectations of our stakeholders, as disclosed on our website. Therefore, the most material topics for TMH are as follows:

- For our staff: the safety and security of our staff, working conditions and compensation, training, and social dialogue.
- For local communities: access to remedy.
- For Myanmar people: access to the internet.

> "ASEAN Corporate Governance Scorecard နှင့် ကျွန်ုပ်တို့၏ သတင်းနှိုင်းယှဉ်တင်ပြထားမှုအား ပြုပြင်မွမ်းမံပြီး ကျွန်ုပ်တို့၏ အင်တာနက်စာမျက်နှာတွင် လေ့လာဖတ်ရှုနိုင်ရန် တင်ပြထားပါသည်။ "

## ပွင့်သစ်စ ကိန်းညွှန်းတွင် တိုးတက်မှု

ပွင့်သစ်စ အစီရင်ခံစာအား မြန်မာကုမ္ပဏီများ၏ သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာမှုကို အကဲဖြတ်စစ်ဆေးရန် MCRB နှင့် Yever တို့မှ ပုံမှန် ထုတ်ပြန်လျက်ရှိသည်။ နောက်ဆုံးထုတ်ဝေမှုအရ TMH ၏ ရမှတ်သည် ၂၀၂၀ ခုနှစ်တွင် ၅၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ယခုအခါတွင် ၅၈ ရာခိုင်နှုန်း သို့ တိုးတက်လာသည်ကို တွေ့ရသည်။ ထိုရမှတ်ဖြင့် TMH ကုမ္ပဏီသည် အဆင့် ၁၁ ရရှိခဲ့ပြီး စတော့အိပ်ချိန်းစာရင်းဝင် ကုမ္ပဏီများ အနက် ဒုတိယနေရာ ရရှိခဲ့ပါသည်။

## Our progress in Pwint Thit Sa

Conducted regularly by the Myanmar Centre for Responsible Business and Yever, Pwint Thit Sa assesses the disclosure of Myanmar companies.

According to the latest edition's results, TMH improved its score from 54% in 2020 to 58%. With this score, TMH ranked 11th, and 2nd among listed companies.

## Evolution of TMH's score in Pwint Thit Sa




Myanmar Centre for Responsible Business

Yever smarter together

Certified B Corporation



**Pwint Thit Sa**

**Transparency in Myanmar Enterprises**

**Seventh Report | 2022**

MCRB: info@myanmar-responsiblebusiness.org | www.mcrb.org.uk | www.mcrb.org.mm
Yever: + 95 9 422 091 979 | contact@yever.org | www.yever.org

*Pwint Thit Sa* is intended to encourage better corporate governance and increased transparency by Myanmar businesses.

ကျွန်ုပ်တို့၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အစီရင်ခံတင်ပြမှုများသည် ကျွန်ုပ်တို့၏ အကျိုးစီးပွားစပ်ဆိုင်သူတို့ အတွက် အောက်ပါ ကိစ္စရပ်များအပေါ် သတင်းအချက်အလက်များ ပံ့ပိုးပေးသည်။ နှိုင်းယှဉ်လေ့လာမှုပြုရာတွင် လွယ်ကူစေရန် ကျွန်ုပ်တို့သည် Sustainable Development Goals နှင့် GRI စံနှုန်းများကို အသုံးပြုထားသည်။

Our current non-financial reporting provides our stakeholders with specific data points on these topics. To foster comparability, we use the following reporting standards: the Sustainable Development Goals (SDGs) and the GRI Standards as detailed below.




# DECENT WORK AND ECONOMIC GROWTH

## Explanation

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝန်ထမ်းများအတွက် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများအား ဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါသည်။ TMH ကုမ္ပဏီသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသည်ဟု ယုံကြည်ပါသည်။

We aim to create good careers opportunities for our people. We also believe TMH can play a critical role in developing the Myanmar economy.

## Results

